


# လူ့ဘဝအောင်မတန်ရခဲ့လို့ အလွဲသုံးစားမလုပ်ကြစမ်းပါနဲ့

## (အမိဝမ်းတွင်းပဋိသန္ဓေတည်ပုံ)

၄၁

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၄၃)မှ
ထုတ်နုတ်၍ ပုံနှိပ်ပါသည်။

722

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူသော တရားတော်

# လူ့ဘဝအခွင့်မတန်ရခဲလို့
# အလွဲသုံးစား မလုပ်ကြစမ်းပါနဲ့

## ခုနစ်ခါ၊ ခါပါ

အဲဒီတစ်ပင်ကို ယူပါတဲ့ (မှန်ပါ့) အဲဒီတစ်ပင်ကို ယူပြီး ခုနင်က အကြိမ်တစ်ရာစစ်ထားတဲ့ ဆီထဲမှာ တို့လိုက်ပါတဲ့၊ တို့ပြီးသကာလ **ခုနစ်ခါ၊ ခါပါဦးတဲ့** (မှန်ပါ့)။

ဒီတော့ ပါနိုင်စရာရှိသေးသလား (မရှိပါဘူးဘုရား) နဂိုကလည်း နူးညံ့လိုက်တာ ဆီကလည်း စစ်ထားလိုက်တာ ကြည်လိုက်တာ (မှန်ပါ့)၊ သိုးမွေးကလေးကလည်း နုလိုက်တာ ဒါကလေးနဲ့တို့ပြီး အကြိမ်ခုနစ်ခါ ခါတော့ ကျန်ပဲကျန်ပါဦးမလား (မကျန်နိုင်ပါဘူးဘုရား)။

## ပဋိသန္ဓေအစ

အဲ. . . "ကျုပ်တို့ ပဋိသန္ဓေအစဟာ အဲဒီသိုးမွေးကလေး အဖျားမှာ ဆီကြည်ကလေး ကျန်သလောက်က စခဲ့ကြတာ (မှန်ပါ့)။

အားလုံးတရားနာကြတဲ့ ပုဂ္ဂိုလ်တွေ၏ အစဟာ အဲဒီ သိုးမွေးဖျားမှာပါတဲ့၊ ဆီစက်ကလေးလောက်က စ,တာပေါ့ သဘောကျပြီလား(ကျပါပြီ)။

အဲဒါကလေးလောက်က ကျုပ်တို့အမိဝမ်းခေါင်းထဲမှာ စ,ပြီးတည်ကြတာပဲ (မှန်ပါ့) ဒကာဒကာမတို့ လွယ်ပါ့မလား (မလွယ်ပါဘုရား)။

အဲဒါကလေးကနေပြီး သကာလ ဝမ်းထဲမှာ တစ်ခါ စဉ်းစားဦး ပိုးမျိုးရှစ်ဆယ်ဆိုတာရှိတယ် (မှန်ပ့ါ) ပိုးမျိုးရှစ်ဆယ်ဆိုတာက အမျိုးပေါင်းရှစ်ဆယ် အကောင်ရေတော့ မရေတွက်နိုင်ဘူး (မှန်ပ့ါ)။

## ကလလရေကြည်ခေါ်တယ်

အဲဒါတွေက ဒီလိုကလလ ရေကြည်ကို အမွေးဖျားမှာပါလာသလောက် အရေကြည်ကလေးကို ကလလ ရေကြည်ခေါ်တာပေ့ါဗျာ (မှန်ပ့ါ)။ အဲဒါမျိုးတွေရှာစားနေတဲ့ ပိုးမျိုးရှစ်ဆယ်ကလည်း ဝမ်းထဲမှာအပြည့်ရှိတယ် အမေ့ဝမ်းထဲမှာ (မှန်ပ့ါ)။

ဒကာဒကာမတို့ အဲဒါကျုပ်တို့ ကလလ ရေကြည်ဘဝက ပိုးမျိုးရှစ်ဆယ်က ရှာဖွေစားသောက်လို့ တွေ့သွားရင် ဝမ်းထဲမှာပဲ ဘုန်းကြီးပြောပ့ါမယ် မသာပို့မပါပဲနဲ့ သေရရှာတယ်။

မောင်နိုင်ဖြင့် မောင်နိုင်တစ်ယောက် ကိုပေါ်ဖြင့် ကိုပေါ်တစ်ယောက် ကိုစံလှဖြင့် ကိုစံလှ တစ်ယောက်ပေ့ါဗျာ (မှန်ပ့ါ) ကျုပ်တို့ဖြစ်လာခဲ့ရတဲ့ ဖြစ်ထွေဟာ ဘယ်လောက်နူးညံ့တယ်ဆိုတာ သိပလား (သိသွားပါပြီဘုရား) အင်မတန်နူးညံ့တယ်။ ပိုးမျိုးရှစ်ဆယ်ကလည်း ရှာစားနေတာ သိကြပြီမဟုတ်လား (မှန်ပ့ါ)။

တကယ်တမ်း ကျင့်ကြံကြမယ်ဆိုရင် ဒကာဒကာမတို့ ကိစ္စပြီး သွားအောင်လည်း ဖြစ်နိုင်တယ်။ ဒီဘဝမပြီးရင် နောက်ဘဝ ပြီးနိုင်တယ်ဆိုတာကိုလည်း ပါဠိတော်တွေရှိနေလို့ ဘာမှ ပူစရာမရှိပါဘူး။ (မှန်ပါ့)။

## ဆရာကောင်းနဲ့တွေ့နေချိန်

ရတဲ့ဘဝကလေး၊ ရခဲတာကလေးကို ဆရာဘုန်းကြီး က အသုံးချတတ်ဖို့ ကလေးကိုသာ ကူပေးဖို့လိုတယ် (မှန်ပါ့)။

ခင်ဗျားတို့ ဆုတောင်းပါရမီတွေက မရစဖူး အရထူး လာတာဖြင့် သေချာပါပြီ (မှန်လှပါဘုရား) အဲဒီသေချာတာ ကလေးကို ဆရာကောင်းသမားကောင်းတွေ အမျိုးမျိုးအဖုံဖုံ တွေ့နေတဲ့အချိန်မှာ အသုံးချပစ်လိုက်ပါဆိုတဲ့ ဥစ္စာကိုဖြင့် သတိပေးပါတယ် (မှန်ပါ့)။

ကဲဒါဖြင့် သေသေချာချာတွေးကြစို့၊ လူ့ဘဝ ရခဲတာ ကလေးဟာ ရှင်းရှင်းလင်းလင်းပဲ ပြောကြပါစို့ ဆိုတော့ ဒကာ ဒကာမတို့ ဟင်းချက်တဲ့နှမ်းဆီဆိုတဲ့ဥစ္စာ ရှိပါတယ်။ အဲဒါ ကလေးကို ပဒုမ္မာပိတ်နဲ့ ပန်းကန်ကလေးထဲထည့်ပြီး စစ်ပါ တဲ့။ အကြိမ်တစ်ရာစစ်ပါ။

## အင်မတန်ကြည်တဲ့နှမ်းဆီ

ဥပမာ၊ ဂုံညင်းလောက်ရှိတာကလေးကို အကြိမ်တစ်ရာစစ်၊ သဘောကျပလား၊ (ကျပါပြီ) အကြိမ်တစ်ရာလောက် စစ်လိုက်တဲ့ အခါကျတော့ အင်မတန်ကြည်တာကလေး ကျန်မနေဘူးလား (ကျန်ပါတယ်ဘုရား) ဒါကလေးကို ထပ်ပြန်တလဲလဲ အကြိမ်တစ်ရာစစ်လိုက်တော့ အင်မတန်ကြည်တယ် (မှန်ပါ့)။

အဲဒီအင်မတန်ကြည်တဲ့ ဆီကြည်ကလေး ပန်းကန်ထဲမှာ နေပါစေ၊ ထားလိုက်ပါ။

## အင်မတန်နူးညံ့တဲ့သိုးအမွေး

သိုးမကြီးတစ်ကောင်ရှိတယ်။ အဲဒီသိုးမကြီး၏ ဝမ်းထဲမှာ ပဋိသန္ဓေနေတဲ့ သိုးကလေးရှိပါတယ်။ အဲဒီတော့ သိုးမကြီးမမွေးခင် သိုးကလေးကို ဝမ်းထဲက ခွဲပြီးသကာလ ယူပါ။ ယူပြီး အမွေးကလေးတစ်ပင်တည်းကိုင်နုတ်ပါဆိုတော့၊ ဝမ်းထဲကလည်း မထွက်ရသေးတဲ့ သိုးကလေးအမွေးကလေးလည်း ပါတော့ပါမှာပေါ့။ သို့သော် အင်မတန်နူးညံ့လိမ့်မယ်ဆိုတာတော့ဖြင့် ကိုပေါ်ငြင်းဖို့လိုသေးသလား (မလိုပါဘုရား)။

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့တွင် ဟောကြားတော်မူသော တရားတော်

# လူ့ဘဝအင်မတန်ရခဲလို့ အလွဲသုံးစား မလုပ်ကြစမ်းပါနဲ့

(အမိဝမ်းတွင်း ပဋိသန္ဓေတည်ပုံ)

ဒကာဒကာမတွေ လူ့ဘဝသည် အင်မတန်မှ ရခဲတယ်ဆိုတဲ့ဥစ္စာကို ကိုယ့်ဟာကိုယ်သိတော့မှ ရတဲ့ဘဝကလေးကို အသုံးချပါဆိုတာကို ဆရာဘုန်းကြီးက တိုက်တွန်းတယ် (မှန်လှပါဘုရား)။

လူ့ဘဝအင်မတန်ရခဲတယ်ဆိုတဲ့ဥစ္စာ မှတ်ထားကြပါ။ (မှန်လှပါ) ရတဲ့ဘဝကလေးမှာလည်း ယခုလို သစ္စာတရားတွေနာရ၊ အမျိုးမျိုးနှလုံးသွင်းမှုတွေကို သိရတဲ့အတွက်

ကဲတစ်ခါ အမေကလည်း ပဋိသန္ဓေရှိမှန်းဆိုတာ ဒါလောက်ကလေးဆိုတော့ သိပ့်မလား (မသိပါဘုရား) အမေကလဲ မသိပါဘူး ဘယ်နေ့ဘယ်ရက်က တည်တယ်လို့ မသိသေးပါဘူး တော်တော်ကလေးရင့်လာမှ သိနိုင်တာပါ (မှန်ပါ့ဘုရား)။

အဲဒါကလေးဟာ အမေက ရေနွေးသောက်လိုက်ပြန် လည်း ရေနွေးနှိပ်စက်ပြန်တာပဲ ရေအေးသောက်ပြန်လည်း ရေအေး နှိပ်စက်ပြန်တာပဲ (မှန်ပါ့) အမျိုးမျိုးအဖုံဖုံနဲ့ ကုန်းလိုက်ကွလိုက်နဲ့ နေရာရွေ့သွားရင်လည်း သေတာပဲ (မှန်ပါ့) ဒကာဒကာမတို့ ဖြစ်စဉ်လွယ်ပ့်မလား (မလွယ်ပါဘူး ဘုရား) ကဲ လူ့ဘဝရခဲ့တာပေါ်ပလား (ပေါ်ပါပြီ)။

ဒါကြောင့် လူ့ပြည်က အပ်တစ်စင်း၊ ဗြဟ္မာပြည်က အပ်တစ်စင်းချပါ။ အပ်သွားခြင်းထိဖို့ဟာက ရှိသေးတယ်။ လူ့ဘဝရဖို့က ဒါထက်ခဲယဉ်းတယ်ဆိုတာ ကလလ ရေကြည် ကစပြောတော့ ဒကာဒကာမတို့ မသေချာသေးဘူးလား (သေချာသွားပါပြီဘုရား)။

## ဣန္ဒကဘီလူးကိုဟောတာ

ကလလ ရေကြည်ကလေးဆိုတဲ့ အဲဒီအပေါင်း၊ အစုကလာပ်ကနေပြီး၊ "ပဌမံ ကလလံ ဟောတိ" ဆိုတာ

ဘယ်နည်းနဲ့မှ အမေမသိသေးပါဘူး (မှန်ပါ့)။

စားချင်တာစားလိမ့်မယ်၊ သွားချင်ရာသွားလိမ့်မယ်၊ ဆောင့်အောင့်ပြီးသကာလ နင်းချင်နင်းလိုက်လိမ့်မယ် ဒီလိုဆိုရင်လည်း ဒါကလေးက ပြုတ်ကျသွားနိုင်တာပဲ ပြုတ်ကျသွားရင် ဒီနေရာတွင် ပျက်စီးသေပဲ (မှန်ပါ့)။

ဒကာဒကာမတို့ မသာပို့မပါပဲနဲ့ ဝမ်းထဲမှာသေရတဲ့ဘဝပေါင်း ဘယ်လောက်တုံး (မရေတွက်နိုင်ပါဘူး)။

အဲဒါကြောင့် ထပ်ပြန်တလဲလဲ ပြောဆိုနေတယ်လို့ ဒကာဒကာမတွေက မအောက်မေ့ပါနဲ့ ရခဲတာသေချာပလား (သေချာပါပြီ) ရခဲတာသေချာပြီနော် (သေချာပါပြီ) သူငယ်နာဆိုတာ အပြင်ဘက်ရောက်ပြီး လူလားမြောက်ပြီးမှ ပေါ်တာပါ။ အခုဟာက သူငယ်နာမဟုတ်သေးပါဘူး သူငယ်ကိုမဖြစ်သေးလို့ သူငယ်နာဆိုစရာ ပါလား (မပါသေးပါဘူး) ရှင်းပလား (ရှင်းပါပြီ)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေက ဒါလောက် မသေချာတော့ ဩော် အလွယ်ပါပဲ ထင်ပြီး သကာလ သားရေး၊ သမီးရေးနဲ့ ခန္ဓာကိုယ်ကြီးကို အလွဲသုံးစား လုပ်လိုက်ပြီဆိုရင်ဖြင့် လူဘဝ နောက်ရဖို့ ခဲယဉ်းသွားပြီ (မှန်ပါ့) ကုသိုလ်မပါဘဲ သားရေး၊ သမီးရေး၊ စီးပွားရေးနဲ့ချည်းဆိုရင် မြုပ်ဖို့ရာက များနေတာကိုး (မှန်ပါ့) ကိုယ်

ချော်လဲ၊ ရေသောက်မှား၊ အစားမှားနဲ့ ဒီဟာကလေးကို သွားပြီးထိခိုက်နိုင်တယ် (မှန်ပါ့) သားကောင်လျှောတယ်ဆို တဲ့ သဘောမျိုးဖြစ်ရတာတွေကလည်း မရေတွက်နိုင်ပါဘူး (မှန်ပါ့) တော်တော်ခဲယဉ်းတယ် (ခဲယဉ်းပါတယ်ဘုရား)။

ဒါကြောင့် မပေါ့ပါနဲ့ သစ္စာတရားဟောတဲ့ ဆရာ သမားနဲ့ တွေ့တုန်းကို ချက်ချင်းပင် နိဗ္ဗာန်ရနိုင်တဲ့ စွမ်းရည် သတ္တိရှိတဲ့ တရားကို ဟောနေတော့ ဒကာဒကာမတို့ အမြန် သာယူလိုက်ပါတော့ဆိုတာ ဇွတ်ပေးနေတာ ခင်ဗျားတို့ ငြင်း ဖို့မလိုပါဘူး၊ (မလိုပါဘူးဘုရား) ဇွတ်ပေးနေတာ၊ ကိုစံလှ ငြင်းချင်သေးသလား (မငြင်းချင်ပါဘူးဘုရား) အဖိုးကလည်း မဖြတ်နိုင်တဲ့တရား (မှန်ပါ့) သဘောကျပလား (ကျပါပြီ ဘုရား)။

အဲဒါကြောင့် ဆွဲဟောနေတဲ့ တရားမဟုတ်ပါဘူး ကလ္လကဘီလူးကို ဘုရားက ကလလ ရေကြည်တည်ခဏ်း ပဋိသန္ဓေကစပြီး ဟောတော်မူနေတာ မောင်နိုင် (မှန်ပါ့) လွယ်ပါ့မလား (မလွယ်ပါဘူးဘုရား)။

ပဌမံ ကလလံ ဟောတိ၊ ကလလာ ဟောတိ အဗ္ဗုဒံ၊ အဗ္ဗုဒါ ဇာယတေပေသိတဲ့။

အဗ္ဗုဒ-အမြှုပ်ဆိုတော့ ၁၄ရက်ရှိသွားပြီနော် (မှန်ပါ့) ၁၄ရက်အတွင်း မသေခဲ့ပါမှနော် (မှန်ပါ့) အဲဒီ ၁၄ရက်

## မာကြောကလေး

ပြီးတော့မှ အဲဒီ ၂၂-ရက်လောက်ကြာလာတဲ့ အခါ ကျတော့မှ ခုနင်က သွေးခဲကလေးက မာလာတဲ့ အခဲကလေး ဖြစ်လာတယ်။ မာကြောကလေး ဖြစ်လာတယ်။ မာကြော ကလေး ဆိုတာလည်း ကျုပ်တို့ အခုအနောက်နိုင်ငံများက လာတဲ့ ဆီးဆေးအပျော့ကလေးတွေလောက် နေမှာပေါ့ဗျာ (မှန်ပါ့) ဒါကလေးကလည်း ခိုင်ခံ့တည်တံ့ဖို့အတော်ခဲယဉ်း ပါတယ် (မှန်ပါ့) ပျက်စီးဖို့နဲ့ မပျက်စီးဖို့ စဉ်းစားစမ်း (ပျက်စီး ဖို့က များပါတယ်)။

ဒီလိုအဖြစ်ကနေပြီး လူလားမြောက်ပြီး အမိ၏ ဝမ်းထဲက အပြင်ဘက် ထွက်နိုင်တာများ သာမညကံနဲ့ဖြင့် ဒကာဒကာမတို့ အပြင်ဘက် မရောက်ပေဘူး (မှန်ပါ့) ရောက်နိုင်ကြပါ့မလား (မရောက်နိုင်ပါဘူး)။

အဲဒါကြောင့် ခန္ဓာကိုယ်ကြီးကို ဆရာဘုန်းကြီးက ဘယ်လိုမှာပါလိမ့်မတုံးလို့ မေးတော့ အလွဲသုံးစား မလုပ် လိုက်ပါနဲ့ (မှန်ပါ့) အရခက်လွန်းလို့ပါ မှာထိုက်၊ မမှာထိုက် (မှာထိုက်ပါတယ်ဘုရား) အလွဲသုံးစားဖြင့် မလုပ်လိုက်ကြပါ နဲ့ဆိုတာ ဒီနေ့တရားမှာ သေသေချာချာပြောပါတယ်။

ဒါဖြင့် ခုနစ်လေးလီ ရှိသွားပြီနော် (မှန်ပါ့) ၂၈ ရက်

ပြောနေတယ်လို့ အားလုံးတရားနာတဲ့ တစ်ပွဲလုံးက မှတ်ပါ (မှန်ပါ့) လွယ်တဲ့ကိစ္စလို့ဆိုနိုင်ကြပါ့မလား (မဆိုနိုင်ပါဘူး ဘုရား)။

ပဌမ - ရှေးဦးစွာ။ ကလလံ - ကလလ ရေကြည်ကလေး သည်၊ ဟောတိ - ဖြစ်၏။ ကလလာ ဟောတိ အဗ္ဗုဒံ။ အဲဒါ ကလေးက ရင့်ကျက်လာမှ အမြှုပ်ဖြစ်တာပါတဲ့ (မှန်ပါ့)။

## လေးထောင့်သွေးခဲကလေး

အဗ္ဗုဒါ ဇာယတေပေသိ အဲဒီကျတော့မှ သွေးခဲကလေး သွားဖြစ်တယ် (မှန်ပါ့)၊ လေးထောင့်ခဲကလေးသွားဖြစ်တယ် (မှန်ပါ့) အဲဒီလေးထောင့်ခဲကလေးကလည်း ဘယ်လောက်ကြီး မလဲမေးရင် ခင်ဗျားတို့ လက်ညှိုးထဲက ထွက်တဲ့သွေးပေါက် ကလေး တစ်ပေါက်စာလောက်ရှိတယ် (မှန်ပါ့)။

ဒါကလေးကလည်း ဝမ်းထဲမှာ ပျက်စီးဖို့နဲ့ ခိုင်ခန့်ဖို့ ဘယ်ဟာကများကြသတုံး၊ (ပျက်စီးဖို့က များပါတယ်) ဒကာ ဒကာမတို့ သူကလည်း ခုနစ်ရက်ပဲနေရမှာ (မှန်ပါ့) ခုနစ် သုံးလီ ရှိသွားပြီ။ ခုနစ်သုံးလီဆိုတော့ နှစ်ဆယ့်တစ်ရက် ရှိသွားပြီ (၇×၃=၂၁) အဲဒီအချိန်မှာ အမေက ငါ့ဝမ်းထဲမှာ ပဋိသန္ဓေ နေပေါ့၊ စောင့်ရှောက်မှပဲဆိုတဲ့ စိတ်ဖြစ်ဖို့

ကလေးက ခုနစ်ရက်နေရမယ် (မှန်ပါ့) ဒကာဒကာမတို့ ခုနစ်ရက်အတွင်း ပျက်စီးနိုင် မပျက်စီးနိုင် (ပျက်စီးနိုင်ပါတယ်ဘုရား) ဒီအထဲကလည်း မောင်နိုင်တို့ ဘုန်းကြီးတို့ တရားနာကြတဲ့ ဒကာဒကာမတွေ အပြင်ဘက်ရောက်လာတာ လွယ်ပါ့မလား (မလွယ်ပါဘူး) အတော်ခဲယဉ်းပါတယ်နော် (မှန်ပါ့ခဲယဉ်းပါတယ်ဘုရား)။ ဘုရားဉာဏ်နဲ့ ဏ္ဍက ဘီလူးကိုဟောတာလို့ မှတ်ထားစမ်းပါ။ သံယုတ်ပါဠိတော်မှာ ဟောတော်မူတာ (မှန်ပါ့)။

## အမြှုပ်ခုနစ်ရက်

ကိုင်းဒါဖြင့် ဒကာဒကာမတို့ အဲဒါကလေး ခုနစ်ရက်ပြီးတော့မှ ဒါကလေးက အမြှုပ်ခုနစ်ရက်ဆိုပြီး ဖြစ်လာတယ်(မှန်ပါ့)။ ဒီအမြှုပ်ကလေးတွေကလည်း ခုနင်ကသိုးမွေးဖျားမှာပါတာကလေးလောက်က ကြီးရင့်လာတော့ အမြှုပ်ကလေးဖြစ်လာတော့လည်း မောင်နိုင် ခိုင်ခန့်စရာပါရဲ့လား (မပါပါဘုရား) ကိုပေါ်တို့ စဉ်းစားကြစမ်းပါ။ (မပါပါဘူး)။

အမေလုပ်သူက ဒီအချိန်မှာ မသိသေးပါဘူး ငါ့ဝမ်းထဲမှာ ပဋိသန္ဓေနေတာ ဘယ်နှစ်ရက်ရှိပြီလို့ သိနိုင်ပါ့မလား (မသိနိုင်ပါဘုရား) ဘယ်မှာသိနိုင်ပါ့မလဲ အင်မတန်သေးငယ်တာကလေးပဲဒီကြားထဲမှာ ပိုးကိုက်၊ လောက်စား၊ အမေမိဘ

ပြုထားတဲ့ ဒါနကလေးလောက်နဲ့လည်း သားရေး၊ သမီးရေး၊ စီးပွားရေး၊ နစ်မွမ်းနေတဲ့ လောဘ၊ ဒေါသ၊ မောဟ၊ ဒုစရိုက်တွေနဲ့လည်း နှိုင်းချိန်လို့ မရလောက်အောင်ပဲ (မှန်ပါ့) ချိန်ခွင်ထဲထည့်ချိန်ကြည့်ရင် ဟိုဘက်က ဇောက်ထိုးပါပဲ။

လှူဒါန်းပေးကမ်းတာကလေး သာမညကုသိုလ်က ဒကာဒကာမတို့ နည်းနည်းကလေး လုပ်ခဲ့တယ်။ သားရေး၊ သမီးရေး၊ စီးပွားရေး၊ လောဘ၊ ဒေါသ၊ မောဟတွေက ချိန်ခွင်ထဲ ထည့်ချိန်ရင် ဇောက်ထိုးကြီး ဖြစ်နေတယ် (မှန်ပါ့) ချိန်ခွင်လျှာက အောက်ပြနေမယ်။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမ**တွေ** လွယ်လွယ်နဲ့ ရလာတယ်လို့ ထင်ကြလို့ရှိရင်ဖြင့် ဂျွမ်း**သမား**လို့ ဖြစ်နေကြလိမ့်မယ် (မှန်ပါ့) ဂျွမ်းသမားတစ်ယော**က် ငွေ**ကလေးရပြီဆိုမှဖြင့် ရှူးဖိနပ်တွေဝယ်လိုက် ဆိုင်ကယ်ဝယ်လိုက်နဲ့။ လွယ်လွယ်နဲ့ ရတာလည်း မဟုတ်ဘူး သူဟာက ဖြုန်းတော့ လွယ်လိုက်တာ (မှန်ပါ့)။

ဒီမှာလည်း ဖြုန်းတော့ လွယ်လိုက်တဲ့ အထဲမှာ ဘုန်းကြီးတို့ ဒကာဒကာမတွေက ပါသွားမှာစိုးလို့ (မှန်ပါ့) လွယ်လွယ်နဲ့ ရခဲ့တာ မဟုတ်ပါဘူး။ ရှင်းပလား (ရှင်းပါပြီဘုရား)။

အတွင်းမှာ ခြေ၊ လက်၊ နား၊ နှာခေါင်း၊ အင်္ဂါတွေ ဘာမှ မပါသေးဘူးလို့ မှတ်လိုက်ကြစမ်းပါ။ အမြုပ်ပဲရှိသေးတယ် (မှန်ပ့ါ) ပဌမခုနစ်ရက်က ရေကြည်၊ ရေကြည်ကနေပြီး အမြုပ်ကလေးတက်လာတယ် ၁၄ရက်ကျတော့ (မှန်ပ့ါ)။

## ကိုယ့်ဘဝကလေးနှမြောကြစမ်းပါ

ဒကာဒကာမတို့ လူဘဝရောက်လာတာ ဒီအချိန်ထိ ခြေ၊ လက်၊ နား၊ နှာခေါင်း၊ အင်္ဂါကြီးငယ်ဘာမှ မပါသေးဘူးနော် (မှန်ပ့ါ) ဒီအချိန်အတွင်း ဘယ်သူကစားလို့ ဘယ်သူကဝါးလို့ သူကတုံ့ပြန်နိုင်တဲ့သဘောပါရဲ့လား (မပါပါဘူး ဘုရား)။

ဪ-ဒါဖြင့် ဒကာဒကာမတို့ ကျုပ်တို့ လူဖြစ်လာတာ ခြေ၊ လက် အင်္ဂါကြီးငယ်အစုံနဲ့ မျက်စိအင်္ဂါကြီးငယ် အစုံနဲ့ အစကတည်းက ဖြစ်လာတဲ့လူရယ်လို့ အမိဝမ်းတွင်း ပဋိသန္ဓေနေခဲ့ရသူမှန်သမျှ မရှိနိုင်ပါဘူး (မရှိပါဘုရား) ဒါကြောင့် ကိုယ့်ဘဝကလေးကို ဒကာဒကာမတွေ နှမြောစမ်းပါလို့ဆိုတာ ဆရာဘုန်းကြီးဟောတာ နှမြောသင့် မနှမြောသင့်လည်း အကဲသာခတ်ပါ (နှမြောသင့်ပါတယ် ဘုရား)။

သံဝေဂရရုံပြောနေတာမဟုတ်ဘူး ဖြစ်စဉ်ကိုက်

ရှိသွားပြီ ၂၈ရက်နဲ့လည်း လူရုပ်လူပုံပေါ်ပါ့မလား (မပေါ်သေးပါဘူးဘုရား)။

ဝမ်းထဲမှာ ဒကာဒကာမတို့ မအေက စားသောက်တဲ့ အစာအဟာရတွေကြောင့် ပျက်ရမှာတစ်ကြောင်း၊ ဆေးဝါးတွေကြောင့် ပျက်ရမှာကတစ်ကြောင်း၊ ပိုးမျိုးရှစ်ဆယ် ကြောက်နေရတာကတစ်ကြောင်း ဝမ်းထဲမှာရှိတဲ့လေက ဟိုကွေ့ ဒီကွေ့ကြောင့် သူနေရာရွှေ့ရင်လည်း ပျက်ဦးမှာပဲ (မှန်ပါ့) ဒါဖြင့် ပျက်ဖို့နဲ့တည်ဖို့ စဉ်းစားကြစမ်းပါ (ပျက်ဖို့က များပါတယ်ဘုရား)။

ကြပ်ကြပ်စဉ်းစားကြ ဒကာဒကာမတွေ ဒီအလွဲသုံးစားကြီးဟာနော် မင်းတယ်မိုက်ပါကလား။ ဆရာဘုန်းကြီးက အခု ဣန္ဒက ဘီလူးကို ဘုရားက ဟောသည့်အတိုင်း ဆုံးမနေပြီး မင်းတို့က သားရေးသမီးရေး စီးပွားရေးနဲ့ အချိန်ကုန်ပြီးသကာလ မရစဖူး အရထူးတာကြီးကို မင်းတို့ ဖြုန်းပစ်ကြတော့မှာလားလို့ ကိုယ့်ကိုယ်ကို မေးလိုက်စမ်းပါ (မှန်ပါ့) သူများ မေးရမှာလား ကိုယ့်ကိုယ်ကိုမေးရမှာလား (ကိုယ့်ကိုယ်ကို မေးရမှာပါဘုရား)။

စဉ်းစားကြပါ စဉ်းစားကြပါ။ ဒကာဒကာမတို့ အင်မတန် အရေးကြီးတဲ့ အသုံးအနှုန်း အင်မတန် မှန်ကန်တဲ့ သစ္စာတရားကို ဟောနေပါတယ် (မှန်ပါ့)။

## အဖုငါးခုထွက်လာတယ်

ကိုင်းဒါဖြင့် ခုနစ်ရက်လေးလီ ရှိသွားပြီနော် (မှန်ပ့ါ) အဲဒီနောက် ၂၉-ရက်မြောက်ကစပြီးတော့မှ ခုနင်က လေးထောင့် မာကြောကလေးက အဖုကလေးငါးခု ထွက်လာ တယ် မောင်နိုင်( မှန်ပ့ါ) အဖုကလေးငါးခု ထွက်လာရုံ ခြေလက်ထိအောင် ထင်ရှားသေးတာ မဟုတ်သေးဘူးနော် (မှန်ပ့ါ)။

အဖုကလေး ငါးခု ရွံ့ကို အရုပ်ကလေးလုပ်သလို ဒကာဒကာမတို့ အဖုကလေးငါးခု ထွက်လာတယ် ခေါင်း နေရာကလေးက တစ်ဖု၊ လက်ဖြစ်မည့်နေရာတွေက နှစ်ဖု၊ ခြေဖြစ်မည့်နေရာတွေက နှစ်ဖု။ လိပ်ကလေးသဏ္ဌာန် ဖြစ်လာတယ်။ ခက်မငါးဖြာခေါ်တယ်။ အဲဒါက ခုနစ်ရက် နေရဦးမယ် (မှန်ပ့ါ)။

ဒါဘယ်လောက်ကြီးသလဲလို့မေးရင် ဒကာဒကာမတို့ ခုနင်ကပြောခဲ့တဲ့ သွေးက ဖြစ်ရတာ။ သိပ်ကြီးကြီးကျယ်ကျယ် ဖြစ်နိုင်ပ့ါမလား (မဖြစ်နိုင်ပါဘူးဘုရား)။ အဲဒါကလည်း ခုနစ် ရက် နေရဦးမယ် (မှန်ပ့ါ) ဒီအတွင်းမှာ သေတဲ့လူအပေါင်း လည်း မရေတွက်နိုင်ဘူး (မှန်ပ့ါ)။

ကိုင်း-ဒကာဒကာမတို့ လွယ်ပ့ါမလား (မလွယ်ပါဘူး) တယ်လဲ ခဲယဥ်းပါကလား (ခဲယဥ်းပါတယ်) နောက်အစား

ပြန်ရဖို့ကော (ခဲယဥ်းပါတယ်ဘုရား) မရနိုင်ဘူး တော်တော်နဲ့ကို ရဖို့မလွယ်ဘူး ဒကာဒကာမတို့။

ဒါကြောင့် အချိန်မီကလေး ဂရုစိုက်လိုက်ကြစမ်းပါဆိုတဲ့ဥစ္စာကိုဖြင့် ကရုဏာနဲ့ အင်မတန်ကြီးကျယ်တဲ့ ဘုရား၏ဒေသနာတော်ကို ဘုန်းကြီးများက ယူပြီးသကာလ ဩော်ဒို့ဒကာဒကာမတွေ အသိက နည်းသေးတယ် ကိုယ့်ဟာကိုယ်အလွဲသုံးစား လုပ်နေတာကို မသိသေးဘူး (မှန်ပါ့)။

## အလွဲသုံးစားလုပ်နေကြတယ်

ရလာတဲ့ပစ္စည်းက ခဲခဲယဥ်းယဥ်းသုံးနေတာက အလွဲသုံးစားဖောဖောသီသီလုပ်ပြီး အလဟဿ သုံးနေတယ်ဆိုတာကို အင်မတန်မှ အမြင်ကျယ်တဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောတဲ့အတိုင်း ဟောနေလို့ ဒကာဒကာမတွေက လေးလေးစားစားနဲ့ နားထောင်ပြီး ဩော် ဒီလိုနေလို့ မတော်ပါကလားဆိုပြီး ချက်ချင်း ပြင်ကြရမယ် (မှန်ပါ့) သဘောပါပလား (ပါ,ပါပြီဘုရား) ဒီလိုနေလို့တော့ မတော်ဘူးဆိုတဲ့ဥစ္စာ သိပြီး ချက်ချင်းပြင်ဆင်မှ (မှန်ပါ့)။

လူ့ပြည်ကအပ်တစ်စင်း ဗြဟ္မာပြည်က အပ်တစ်စင်းထိဖို့ရာ ရှိသေးတယ်၊ လူ့ဘဝ မရနိုင်ဘူးဆိုတာ ထားလိုက်

စင်း ခဲယဉ်းတာဟာ ဒီလိုဖြစ်ခဲ့ရတာတွေကြောင့် ခဲယဉ်းတယ်ဆိုတာ အကြောင်းရင်းကို သဘောပေါက်အောင် ဆရာဘုန်းကြီးက ပြတာ၊ သဘောကျပလား (ကျပါပြီဘုရား)။

## လူ့ဘဝရဖို့ခဲယဉ်းတယ်

အခုဟာ ဘာပါလိမ့်ဗျာ (အကြောင်းရင်းပြတာပါ) အကြောင်းရင်းကို ဣန္ဒက ဘီလူးကို ဘုရားကဟောလို့ ဘုန်းကြီးကတစ်ဆင့် ဟောတာပါ (မှန်ပါ့) လူ့ဘဝရဖို့ ခဲယဉ်းတယ်ဆိုတာကို အစကစပြီး ပြပြီ။ မောင်နိုင် လွယ်ကူပါ့မလား (မလွယ်ကူပါဘူးဘုရား)

ပဌမံ ကလလံ ဟောတိ၊ ကလလာဟောတိ အဗ္ဗုဒံ။

အဗ္ဗုဒါဇာယတေပေသိ၊ ပေသိနိဗ္ဗတ္တဃနော။

ပြီးတော့မှ သုံးဆဲ့နှစ်ကောဋ္ဌာသ ဆိုတဲ့ဟာတွေ ရင့်ကျက်တာခုနစ်ရက်နဲ့ လုပ်လိုက်တော့မှ ဆံပင်ကလေးတွေ ခေါင်းမှပေါက်နေတာ ခြေသည်းလက်သည်းကလေးတွေ ထွက်နေတာ ခုနစ်ရက်တဲ့ (မှန်ပါ့) အားလုံး ပေါင်းလိုက်မယ်ဆိုရင် ခုနစ်လေးဆယ့်နှစ်လီ (၇×၄၂) ရက် ၄၂ သတ္တာဟကျမှ မွေးဖွားနိုင်တယ် (မှန်ပါ့) ၉လခွဲနဲ့ သွားကိုက်တာပါပဲ တစ်ချို့ ၁၀,လ သွားကိုက်တယ် (မှန်ပါ့)။

ဒကာဒကာမတို့ ခင်ဗျားတို့ ရထားတဲ့ သုံးဆယ့်နှစ်ကောဋ္ဌာသတွေထဲမှာ ပါတာတွေတစ်ချို့ ခုနစ်ချည်းသွားတာပဲ ကဲဒီကြားမှာ သေနိုင်၊ မသေနိုင်. . . (သေနိုင်ပါတယ်ဘုရား) ဒါကြောင့် ဒကာဒကာမတို့ လွယ်ကူပ့ါမလား. . . (မလွယ်ကူပါဘုရား)။

## မိခင်ကျောဘက်မျက်နှာမူ

ကဲ-ဒါကလေးက ဘယ်လိုနေရသတုန်းဆိုတော့ အထည်ကလေးကြီးလာတော့ အမိကျောဘက်မှာ မျက်နှာမူပြီး ခေါင်းပေါ်မှာ လက်နှစ်ခုယှက်ပြီး အုပ်ထားရတယ် ကျောဘက်လည်း မျက်နှာမူရသေးတယ်၊ ထိုင်လည်းနေရသေးတယ် ဆိုတော့ ဗိုက်ထဲမှာ ဒကာဒကာမတို့ ထိုင်ရတာကလည်း ဘယ်လောက်တုန်းလို့မေးတော့ ၉လခွဲ ၁၀လ (မှန်ပ့ါ)။

စဉ်းစားကြည့်ပါခင်ဗျားတို့ အခုတစ်နာရီ တရားနာတာတောင် ဟိုဘက်ဒီဘက်ပြောင်းကြရသေးတယ်နော် ဟိုမှာ ပြောင်းနိုင်တာ မဟုတ်ဘူး (မှန်ပ့ါ) အဲဒီတော့ သူ့ဝေဒနာနဲ့သူ သေနိုင်၊ မသေနိုင်. . . (သေနိုင်ပါတယ်ဘုရား)။

သေရင် အဲဒီမှာ သားလျှောတယ် ဖြစ်တာပဲ ဒကာ

ဒကာမတို့ (မှန်ပါ) ကိုင်း လွယ်ကူပ့ါမလား (မလွယ်ကူပါဘူး) ဒီနေရာကို ရောက်ကော ရောက်ချင်စရာကော ရှိပ့ါမလား (မရှိပါဘူး) ဒီမှာလူဖြစ်ဖို့ခဲယဉ်း။ ခဲယဉ်းတဲ့အထဲက ရောက်ချင်စရာကော ရှိပါရဲ့လား (မရှိပါဘူး)။

## ကမ္ဘဇလေကမှတ်လိုက်တယ်

ဒီတွင်မှ ဥလာခဲ့ရှိတဲ့အခါကျတော့မှ ကံကြောင့်ဖြစ်တဲ့ ကမ္ဘဇလေကနေပြီး အမိကျောဘက် မျက်နှာမူပြီး ထိုင်နေတယ် . . . ထိုင်နေတာမှာလည်း မိုးစိုစို၊ မျောက်သစ်ငုတ်ပေါ်မှာထိုင်သလို ထိုင်နေရတာ (မှန်ပ့ါ) အဲဒီတွင် အောက်က နေပြီး သကာလ လေကနေမှုတ်လိုက်တာ ကမ္ဘဇလေဆိုတာ ရှိတယ်နော် (မှန်ပ့ါ) ကံကြောင့်ဖြစ်တဲ့ ကမ္ဘဇလေကနေပြီး မှုတ်လိုက်တော့ တစ်ခါတည်းဂွမ်းပြန်ပြီး အမိဝမ်းခေါင်းထဲ မှာလဲသွားတယ် အထက်အောက်လှည့်တယ်ခေါ်မှာပေ့ါ (မှန်ပ့ါ)။

အဲဒါကြောင့် အမေဝမ်းနာတယ် ဖြစ်လာတယ် (မှန်ပ့ါ) ရိပ်မိပလား (ရိပ်မိပါပြီ)။

ဘုန်းကြီးက နားလည်တာမဟုတ်ဘူး၊ စာထဲလာတာကို ပြောနေတာလို့ မှတ်ကြနော် (မှန်ပ့ါ) သဘောပါပလား (ပါပါပြီ) ဘုန်းကြီးက ခရေစေ့တွင်းကျ သိနေတယ်လို့

ခင်ဗျားတို့က ထင်နေမှာလည်း စိုးရိမ်ရသေးတယ်။ စာမှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောတာကို သိနေလို့ ပြောရခြင်း ဖြစ်ပါတယ်။

## ခေါင်းကအောက်စိုက်သွားတယ်

ဝမ်းနာတာရိပ်မိကြပလား (ရိပ်မိပါပြီ) နဂိုမူလက ဆောင့်ကြောင့် ကျောဘက်မျက်နှာမူပြီး ထိုင်နေတဲ့ဥစ္စာ ဂွမ်း ပြန်လှည့်လိုက်တယ်၊ ဂွမ်းပြန်လှည့်လိုက်တော့မှ ခေါင်းက အောက်စိုက်သွားတယ်၊ သဘောကျပလား (ကျပါပြီ)။

ခေါင်းအောက်စိုက်လို့ အပြင်ဘက်ထွက်တော့မလား လို့ မေးတဲ့အခါကျတော့ မထွက်နိုင်သေးဘူး၊ ခေါင်းအောက် စိုက်ရုံအတော်ကြာနေတယ် - (မှန်ပါ့)။

ဒီအချိန်မှာ ဝမ်းထဲရှိတဲ့ကလေးဟာ အသက်လည်း မရှူရတော့ မောင်နိုင် ဝဋ်ကောင်မို့၊ အသက်ရှည်နေတာ (မှန်ပါ့) အသက်ရှူရင် အမေ့ဗိုက်ဘယ်မှာ ခံနိုင်လိမ့်မလဲ (မှန်ပါ့) ဒီထက်ကြီးပြီးသကာလ အမေ့ဗိုက်ကို လန့်ကွဲ သွားဖွယ်ရာပဲ။ သူ့လေကလေးက ပြင်ဘက်ထွက်မှာမှ မဟုတ်ဘဲ (မှန်ပါ့)။

အသက်လည်း မရှူရဘူး၊ အစာလည်း ကျွေးမည့်သူ မရှိဘူး၊ အဝတ်လည်းမကပ်ဘူး၊ နဂိုထိုင်ခဲ့တဲ့ နေရာ

အောက်က ကျင်ကြီး၊ အပေါ်က အမေစားတဲ့ အစာသစ်အိမ်၊ ခေါင်းနဲ့ရွက်ထားရတယ်၊ ဘယ်နေရာက သန့်ရှင်းသတုန်း မေးတော့ (ဘယ်နေရာမှ မသန့်ရှင်းပါဘူး)။

အပြင်ဘက်ကျမှ ခင်ဗျားတို့ ကြွားလုံးထုတ်ပြီး ကျုပ်က ဘာဖြစ်ဖြစ်၊ အနေအထိုင် အစားအသောက်မှစ၍ သန့်သန့်ရှင်းရှင်းမှ ကြိုက်တယ်တဲ့ အဲဒါကြွားလုံးထုတ်နေတာပါတဲ့။ ကိုယ်နေခဲ့တဲ့နေရာကဖြင့် ဒကာဒကာမတို့ အရုပ်ဆိုး အကျည်းတန်တာမှ တန်းကုန်နေပြီ၊ ဝဠ်ကောင်မို့ ဒီနေရာ ရလာကြတာ (မှန်ပဲ့) ဒါကြောင့် မြတ်စွာဘုရားက ဇာတိပိ၊ ဒုက္ခာလို့ ဘုရားရှင်တိုင်း ဟောတော်မူတယ်လို့၊ မှတ်လိုက်စမ်းပါ၊ (မှန်ပဲ့) အမိဝမ်းခေါင်းထဲ နေရတဲ့ ဇာတိ ဟူသ၍ ဟာဖြင့် ဒုက္ခချည်းပဲ၊ သုခလို့ တစ်ခါမျှ မဟောဘူး (မှန်ပဲ့)။

## မင်းတို့ဘဝကိုဇာတ်သိမ်းကြစမ်းပါ

ဒါကြောင့် မင်းတို့ဘဝကို ရှုကြစမ်းပါ မုန်းကြစမ်းပါ၊ ဘဝကို ဇာတ်သိမ်းကြစမ်းပါ၊ သစ္စာသိအောင် လုပ်လိုက်ကြစမ်းပါ၊ သစ္စာသိရင် ဇာတ်သိမ်းပါတယ်လို့ ဘုရားက အတန်တန်ဟောပါတယ် (မှန်ပဲ့)။

ကဲ. . . ဒကာဒကာမတို့ ကိုယ့်ပင်ရင်း ကိုယ်သိ

ကြပလား (သိပါပြီ) မပျော်ပါနဲ့တော့ ဇာတ်သာသိမ်းကြပါ တော့နော် (မှန်ပါ့) အမြဲတမ်းချမ်းသာတဲ့ နိဗ္ဗာန်ကိုသာ နေပါ တော့မယ်ဆိုပြီး၊ နိဗ္ဗာန်ရောက်ကြောင်းကိုသာ လုပ်ကြပါ။ ဘာမှ နောက်ဆံတင်းပြီးတော့ မနေဘဲနဲ့ ပြင်းပြင်းထန်ထန် သာ ကြိုးစားပါဆိုတာ၊ ယနေ့ည အထူးတိုက်တွန်းပါတယ် (မှန်ပါ့ဘုရား) ကိုယ့်ဖြစ်စဉ်ဆိုးလွန်းလို့။ (မှန်ပါ့)။

အခု ခေါင်းအောက်စိုက်နေတုန်းရှိသေးတယ်၊ ဒကာ ဒကာမတို့ အပြင်ဘက်ရောက်ပလား. . . (မရောက်သေး ပါဘူးဘုရား) ကလေးစိတ်ထဲမှာ အောက်မေ့တယ်၊ ငါနောက် ဘဝနေခဲ့ရတဲ့ဆင်းရဲတွေဟာ အင်မတန်ကြီးကျယ်ပါတယ်၊ ဒီတစ်ခါ ဒီလိုဆင်းရဲဖြင့်၊ အသူတစ်ရာနက်တဲ့ ချောက်ထဲ ကိုဖြင့် အကျကြီးကျပြီး သေပွဲတော့ လှလှကြီးဝင်တော့မှာ ဘဲလို့ အောက်မေ့လိမ့်မယ်၊ (မှန်ပါ့)။

ခေါင်းအောက်စိုက်တယ် လေကနေပြီး၊ လှည့်ပစ် လိုက်တာကိုး (မှန်ပါ့) နဂိုက ဆောင့်ကြောင့်ထိုင်နေတာ (မှန်ပါ့) ဆောင့်ကြောင့်ထိုင်နေတာကို ကမ္မဇလေက အောက်ကနေပြီး၊ တင်ပါးကနေမြှောက်လိုက်တဲ့အခါ ကျတော့ ခေါင်းက အောက်စိုက်တယ်၊ (မှန်ပါ့) ဒါကြောင့် ဒကာဒကာမတို့ ခြေကဖွားတာရှားတယ်ဆိုတာ သဘော ကျပလား (ကျပါပြီဘုရား)။

ခြေကဖွားဆိုတာ အင်မတန်ရှားပါတယ် ဒကာဒကာမတို့ ခေါင်းက အောက်စိုက်ရတာကိုး၊ စိုက်လိုက်တော့ အမိ၏ဖွားရာဌာနကို ရောက်ပလားလို့မေးတော့၊ မရောက်နိုင်သေးပါဘူး၊ (မှန်ပါ့) ဒုက္ခခံနေရတာပဲ အဲဒီမှာ ကလေးစိတ်ထဲက အသူတစ်ရာနက်တဲ့ ချောက်ထဲကို အရင်ဒုက္ခတွေထက် အဆပေါင်း၊ ထောင်ပေါင်းများစွာ ဒုက္ခထဲ ငါလှလှကြီးရောက်တော့မှာပဲဆိုတာ တစ်ခါတည်း ထိပ်လန့်သွားတယ် (မှန်ပါ့)။

ကဲ ဒကာဒကာမတို့ တစ်ခါထပ်ပြီး နေချင်သေးသလား၊ ဒီနေရာကို (မနေချင်ပါဘူးဘုရား) နေချင်စရာကော ရှိပါရဲ့လား (မရှိပါဘူး)။

## ယုံယုံကြည်ကြည်နဲ့ မှတ်လိုက်စမ်းပါ

အဲဒါဒကာဒကာမတို့ လုပ်ဆောင်ပြောနေတဲ့တရားမဟုတ်ပါဘူး၊ ဣန္ဒက ဘီလူးကို ဘုရားကဟောလို့ ပြောရတဲ့ တရားလည်းဖြစ် အမှန်သိမြင်တော်မူတဲ့ ကိုယ်တော်မြတ်ကြီးက နှုတ်ဖွင့်၍ ဟောတာဖြစ်နေသောကြောင့်လည်း ယုံယုံကြည်ကြည်နဲ့ မှတ်လိုက်စမ်းပါ (မှန်ပါ့) သဘောပါပလား (ပါပါပြီ)။

ကဲ အရင်ဒုက္ခတွေကြီးလှပလား အောက်မေ့တယ်၊

ဂျွမ်းစိုက်ပြီးသကာလ၊ အပေါ်က လေကလည်း အတင်းမှုတ်ထုတ်နေတယ်၊ ကိုယ်ကလည်း ဒီအထဲမှာ ခေါင်းနဲ့တိုးနေရတာ၊ မောင်နိုင် (မှန်ပ့ါ) အမိဝမ်းခေါင်းထဲမှာ ဖွားရာဌာနရောက်အောင် ခေါင်းနဲ့တိုးနေရတာ လေကလည်း နောက်ကနေ မှုတ်နေတာ၊ ဘယ်နှယ်မှမတတ်နိုင်ဘူး။

ကိုယ်ကလည်း ဒီလေကို မတတ်နိုင်တော့၊ လေကလည်း မှုတ်ကိုယ်ကလည်း ခေါင်းနဲ့တိုး၊ တိုးရတာကလည်း ကျဉ်းမြောင်းတဲ့ နေရာဌာနဖြစ်တယ်၊ ဘယ်လောက်များ ဆိုးသတုံး (ဆိုးပါတယ်ဘုရား)။

ဒီထဲမှာ ဒကာဒကာမတို့ ဒီတရားမျိုးနာရတော့၊ ဒါဟာ သစ္စာဟောချင်လို့ ဒါလောက်စလာတာပါ၊ ဒကာဒကာမတို့ ပေ့ါနေမှာစိုးလို့နော်၊ (မှန်ပ့ါ) ပေ့ါနေမှာစိုးလို့ တကယ့်ကရုဏာကြီးနဲ့ ပြောနေတယ်ဆိုတာကိုလည်း သေသေချာချာမှတ်ပါ။ (မှန်ပ့ါ)။

ကိုင်း-ဒါနဲ့မောင်နိုင် - ဥပမာပြကြဦးစို့ဆိုတော့ ဒီတိုက်ထဲမှာ ကြွက်ဝင်စရာ အပေါက်ကလည်း မရှိတော့၊ ကြွက်ထွက်ရအောင်ဆိုပြီး ဘုန်းကြီးများကဖြစ်စေ၊ ပန်းရံများက ဖြစ်စေ၊ တစ်လက်မလောက် အပေါက်ကလေး ဖောက်ထားတယ်။

ဖောက်ထားပေမယ့် ကြွက်ကောင်ကကြီးတော့၊

နှစ်လက်မလောက် ကြွက်ကိုယ်လုံးရှိမယ်ဆိုရင် ဘယ်မှလည်း ပြေးစရာမရှိဘူး၊ နောက်ကလည်း ကြိမ်နဲ့ရိုက်နေတယ်ဆိုရင် ဒီအပေါက်တိုးရတော့မယ် (မှန်ပါ့)။

တိုးရလို့ရှိရင်၊ တစ်လက်မပေါက်ရှိတာကို နှစ်လက်မ ကိုယ်လုံးရှိတဲ့ကြွက်က၊ တိုးရလို့ရှိရင် ဟိုဘက်အရေတွေ တော့ မပါနိုင်တော့ဘူးစိတ်ချ။ (မှန်ပါ့) သွေးရဲရဲ၊ သံရဲရဲ ဖြစ်ရမယ် (မှန်ပါ့) နောက်ကလည်း ရိုက်လျက်ကိုး၊ ရှေ့ကို လည်း မရမက တိုးရတော့မယ်ဆိုတော့ အရေကျန်ရစ်ပါဦး မလား- (မကျန်ရစ်ပါဘူး) တစ်ခါတည်း သူ့အရေက တိုက်တည်းမှာ နေရစ်တော့မှာပဲ (မှန်ပါ့) ဟိုဘက်က သွေးရဲရဲ၊ သံရဲရဲ အကောင်သာ ရှင်ထွက်ထွက်ရင် ဒါပဲ ထွက်မယ် (မှန်ပါ့)။

## ပြီးချိန်မဟုတ်သေးဘူး

ဒီမှာလည်း ကျုပ်တို့ အမိဖွားရာဌာနက ဒီလိုနေပြီး ဒီလိုပြင်ဘက်ထွက်ခဲ့ရတယ်၊ (မှန်ပါ့) လွယ်ပါ့မလား (မလွယ်ပါဘူးဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ မိဘ ညီအစ်ကိုမောင်နှမ မတော်ဘူးသူ မည်သည်မရှိနိုင် သလောက်ရှိတော့ ဒကာဒကာမတို့ မပြုံးနဲ့ဦးနော် ပြုံးချိန်

မဟုတ်သေးဘူး၊ သတိပေးထိုက် မပေးထိုက် (ပေးထိုက်ပါတယ်ဘုရား) ရှင်းပြီနော် (ရှင်းပါပြီဘုရား)။

အဲဒီအချိန်မှာ တစ်ခါတည်း သားကောင်ကကြီး။ ထွက်ရာအပေါက်က ကျဉ်းမြောင်းနေတဲ့အခါမှာ လေက နောက်ကနေပြီး အတင်းတွန်းထုတ်တာပဲ။ ငါတော့ဖြင့် ဒီတစ်ခါတော့ဖြင့် အသားတွေ အရေတွေ ဘာမှမပါပဲနဲ့ အတင်းတွန်းထုတ်တာနဲ့ ပြင်ဘက်အသက်ပါမယ် မထင်ဘူးလို့ ကလေးက တစ်ခါတည်းတက်သွားတတ်တယ်၊(မှန်ပဲ့) ကျုပ်တို့ဖြစ်လာခဲ့ရတာ ရိပ်မိပလား (ရိပ်မိပါပြီ) လွယ်လွယ်ကူကူနဲ့လား၊ စဉ်းစားကြစမ်းပါဦး - (ခဲခဲယဉ်းယဉ်းပါဘုရား)။

နဂိုနေခဲ့ရတဲ့၊ ခုနစ်လ ကိုးလ၊ ဆယ်လ ဆိုတာကလည်း မသက်သာဘူး။ နောက်ဆုံး မွေးခါနီးကျတော့လည်း မသက်သာဘူး ဇောက်ထိုးနေရတာကော (မသက်သာပါဘူး) မွေးဖွားရာ အပေါက်ကို တိုးရတာကော (မသက်သာပါဘူး) ဩော် ခက်လိုက်တဲ့ဖြစ်ခြင်း၊ သက်သာတာကလေး ထည့်ပြစမ်းပါဦးဆိုတော့ ပါကိုမပါလို့၊ မထည့်နိုင်ဘူး (မှန်ပဲ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ကိုင်းဒါနဲ့ အပြင်ဘက်ရောက်ဖို့က အရေးကလည်း ခုနင်က ကြွက်ထွက်သလို ထွက်ခဲ့ရတဲ့ အခါကျတော့ ပြင်ဘက်ကျတော့ တက်နေတတ်တယ်၊ အသံကို မထွက်ဘူး

တစ်ချို့ကလေးတွေမှာ (မှန်ပါ့)။

ဝမ်းဆွဲလက်သည်တွေက ခြေထောက်ကလေးတွေဆွဲပြီး ရေတွေဘာတွေနဲ့ ပွတ်သပ်ပြီး အသံထွက်အောင်လုပ်ပါမှ ငိုလာတဲ့ ကလေးများ ကြားဘူးတယ် မဟုတ်လား (ကြားဘူးပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ဒကာဒကာမတို့ သုခရယ်လို့ ဒီကြားထဲမှာ ပါခဲ့ကြရဲ့လား (မပါပါဘူး) အဲဒါဘယ်နှစ်လရှိပြီတုံးလို့မေးတော့ ၉လခွဲ ၁၀လထဲ ရောက်ပါပြီ (မှန်ပါ့)။

## ဒုက္ခိတကလေး

ကိုင်း ပြင်ဘက်ကျတော့ ဆရာဝန်၊ ဆရာမတွေနဲ့နေနိုင်တဲ့ ပုဂ္ဂိုလ်မှာ ဒါကလေး နီတွတ်ကလေးကို ဒကာဒကာမတို့ အဝတ်ကလေး ဘာကလေးနဲ့ ထုပ်ပြီးသကာလထားပြန်တော့၊ ဘာများသိသတုံးလို့မေးတော့ ဘယ့်နှယ်ဖြေမတုံး (ဘာမှမသိဘူး)။

ဆာတာကနို့၊ ပေးတာကတခြားနဲ့. . . မျိုဟဲ့သိပ်ဟဲ့။ ခြင်ကိုက်လို့လည်း မမောင်းနိုင် ခြေလက်ပါပါလျက်ဒုက္ခိတကလေးဘာများ စွမ်းနိုင်ရည် ရှိသတုံး (ဘာမှမရှိပါဘုရား)။

ကိုစံလှ ဒီအဖြစ်မျိုး ခင်ဗျားတို့ ကိုယ်တိုင်လည်း

မြင်ဖူးပါပြီ (မှန်ပါ့) နောက်လည်းဖြစ်ချင် မဖြစ်ချင် (မဖြစ်ချင်ပါဘူးဘုရား) မဖြစ်ချင်လို့ရှိရင်ဖြင့် မဖြစ်ချင်တဲ့လမ်းကို လိုက်ကြပါဆိုတာ သတိပေးပါတယ် (မှန်ပါ့)။

ကိုင်း. . . ဒီကနေပြီး သကာလ သွားလိုက်တာ ဒကာဒကာမတို့ လေးဘက်သွားသည်အထိ ဘာမှမသိတဲ့ သူပေး လူပေးနဲ့ ကြီးပွားလာခဲ့ရတဲ့ ကလေးမဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်) သူထူ ငါထူမှ ထနိုင်တဲ့ဘဝ တကယ့်ဒုက္ခိတ ကလေးပါလားဆိုတာ ပေါ်လာတယ် (မှန်ပါ့)။

ဒါဖြင့်. . . ဟိုဘက်က ၉လခွဲ ၁၀လ ဆင်းရဲတဲ့အထဲမှာ မသေလို့ အပြင်ဘက်ရောက်လာပြန်တော့လည်း ဒုက္ခိတ ကလေးနဲ့ အသက်ရှင်နေရတယ် (မှန်ပါ့) သူပေး၊ လူပေးမှ စားနိုင်တယ်၊ သူထူငါထူမှ ကြွနိုင်တယ်၊ ကိုယ်ကတော့ ငိုတတ်တာတစ်ခုပဲရှိတယ် (မှန်ပါ့) ဘာတောင်းတတ်သတုံး (ဘာမှမတောင်းတတ်ပါဘူး) ဒကာဒကာမတို့ ဒီဘဝမျိုးကို ကြုံချင်ဆုံချင်ပါရဲ့လား (မကြုံချင် မဆုံချင်ပါဘူးဘုရား)။

ကိုင်းဒါဖြင့်. . . ဘယ်ဘဝရရ၊ နတ်ကလွဲလို့ ဗြဟ္မာကလွဲလို့၊ ဘွားခနဲ မပေါ်ရတဲ့ ဘဝဟူသ၍ဖြင့် ဂဗ္ဘသေယျက ပဋိသန္ဓေနေရတဲ့ ဘဝဟူသ၍ဖြင့် ဒီအတိုင်းချည်း၊ လာကြမှာဘဲ (မှန်ပါ့)။

ဒီအထဲမှာပဲ၊ ဒါကလေးက ပြင်ဘက်ရောက်လာလို့ ငါဖြင့် တော်တော်ဟန်ကျပြီ၊ အောက်မေ့တယ်၊ ဒကာဒကာမ တို့ ဝမ်းတွင်းထဲကထက် သေခါနီးလာပြီ (မှန်ပါ့) ဝမ်းတွင်း မှာနေတာထက် သေခါမနီးသေးဘူးလား (နီးပါတယ်ဘုရား) သက်သာခွင့်များ ပါကြရဲ့လား (မပါပါဘူး)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ဇာတိ ကပြီးဇရာ၊ ဇရာကပြီး၊ မရဏသွားဆိုက်ပြန်တော့ မရဏ လည်း ပြီးပါရော၊ ခုနင်က ကလလ ရေကြည်ဘက် ပြန်လှည့် တယ် (မှန်ပါ့) အပါယ်ငရဲမသွားရင် အဲဒီဘက် ပြန်လှည့် တယ် (မှန်ပါ့)။

ဒါဖြင့် ကျုပ်တို့မှာ သုခစက်လည်သလား၊ ဒုက္ခစက် လည်သလားဆိုတာ၊ ယနေ့အကဲခတ်ပါ (ဒုက္ခစက်လည်ပါ တယ်ဘုရား) သဘောပါကြပလား (ပါပါပြီဘုရား)။

ဒကာဒကာမတို့ လူ့စည်းစိမ် အကြိမ်ကြိမ် ခံစားရပါ လို၏ဆိုရင် ဒီဟာတွေရတော့မှာပဲ (မှန်ပါ့) လူ့စည်းစိမ် အကြိမ်ကြိမ် ခံစားရပါလို၏ဆိုရင် ဒီဒုက္ခတွေ အကုန်ရရပါ လို၏ပေါ့ဗျာ၊ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ)။

## ဒီနေရာမပြန်ချင်ကြပါနဲ့တော့

အဲဒါလောက် ခဲခဲယဉ်းယဉ်းနဲ့ အခုကျုပ်တို့ လူ့ဘဝ

ရောက်လာပြီ ငါးဆယ်ရှိတဲ့ပုဂ္ဂိုလ် ခြောက်ဆယ်ရှိတဲ့ပုဂ္ဂိုလ်၊ ခုနစ်ဆယ်ရှိတဲ့ပုဂ္ဂိုလ်၊ အစိတ်သုံးဆယ်ရှိတဲ့ ပုဂ္ဂိုလ်တွေလည်း ပါကြတော့၊ ဒကာဒကာမတို့ အလွဲသုံးစားတော့ မလုပ်လိုက်ပါနဲ့ သစ္စာသိပြီး၊ နိဗ္ဗာန်သာပြေးကြတော့၊ ဒီနေရာ မပြန်ချင်ကြပါနဲ့တော့ (မှန်ပါ့)။

ဒါ-အပါယ်ဆင်းရဲကို ဘုန်းကြီးမဟောသေးပါဘူး၊ အဲဒီမှာဟောထားတဲ့သုတ်၊ ဘုရားတစ်ဆူမှ တစ်ခါဟောတဲ့ သုတ်ရှိပါသေးတယ်။ အခုဟာကတော့ လူ့ဘဝရခဲပြီး၊ ဒုက္ခ ပွေလှတဲ့သုတ်ကို ဘုန်းကြီးရှင်းပြပါတယ်၊ (မှန်ပါ့) ကဲ. . ဒီနေရာများ ပြန်ချင်ကြသေးသလား - (မပြန်ချင်ပါဘူး ဘုရား)။

ဒီနေရာမပြန်ချင်လို့ရှိရင် မပြန်တဲ့နည်းကို ဘုန်းကြီး ယနေ့ပေးပါမယ်။ ဒကာဒကာမတို့ အလွဲသုံးစား၊ မလုပ်ကောင်းတာတော့ဖြင့်သိသွားပြီ (မှန်ပါ့) သိကြရဲ့လား၊ (သိသွားပါပြီဘုရား) ကိုယ်ကလွယ်လွယ်နဲ့ ဖြစ်လာတာလား၊ ခဲခဲယဉ်းယဉ်းထဲက အသေတွေကျော်ပြီး အမျိုးမျိုးကျော်ပြီး သကာလ လာခဲ့ရတာလား. . . (အမျိုးမျိုးကျော်ပြီး လာခဲ့ရတာပါဘုရား) မလွယ်ဘူးနော် (မှန်ပါ့)။

လွယ်ကို မလွယ်ဘူး ဒကာဒကာမတို့ လူ့ဘဝကို ကံက အမိဝမ်းခေါင်းထဲ ပစ်ထည့်လိုက်တာတောင်မှ လူဖြစ်

ဖို့ရာ အတော်ခဲယဉ်းတယ် (မှန်ပ့ါ) ဒီပြင် တိရစ္ဆာန်ဘဝက၊ လူ့ဘဝတက်ဖို့ဆိုတာတော့ ဒကာဒကာမတို့ မတတ်နိုင် လောက်အောင်ပဲ ခဲယဉ်းတယ်ဆိုတာသာ ဆုံးဖြတ်ချက်ချ ပါတော့။ (မှန်ပ့ါ) အပါယ်ငရဲက ဆိုတာတော့ (တော်တော် နဲ့ မတတ်နိုင်ပါဘူးဘုရား)။

## ငရဲကတိရစ္ဆာန်ကိုတက်တာများတယ်

တစ်နေ့ကဘဲဟောခဲ့သေးတယ်၊ အပါယ်ငရဲက တိရစ္ဆာန်လှမ်းတက်ရတယ်၊ တိရစ္ဆာန်ဘဝမှာ နိုင်ရာစားဖြစ် တော့ အပါယ်ငရဲ ပြန်ကျတယ်၊ (မှန်ပ့ါ) နှစ်စေ့လို့တက်ပြန် တော့ တိရစ္ဆာန်တက်တာကများတယ်၊ တိရစ္ဆာန်ဘဝ တက်ပြန်တော့ နိုင်ရာစားလုပ်ပြန်တော့ဘာတုံး. . . (အပါယ်ငရဲပြန်ကျရပါတယ်) ဒီလိုချည်းလှည့်နေတော့ ဒကာ ဒကာမတို့ ယခုရထားတဲ့ ဘဝကလေးကိုဖြင့် အဖိုးတန်တဲ့ ဘက်ကို အသုံးချလိုက်စမ်းပါ (မှန်ပ့ါ)။

တရားတော်အရှည်လိုက်မနေနဲ့၊ အခုရရင် အခုယူ နိုင်တဲ့တရားနဲ့တော်ပြီ။ (မှန်ပ့ါ)။

တရားတောင် အရှည်လိုက်မနေနဲ့၊ အခုရရင် အခုယူ နိုင်တဲ့ တရားနဲ့တော်ပြီ (မှန်ပ့ါ)။

ကျုပ်ဖြင့် ဒါပဲသိမ်းပါတော့မယ်၊ ဒီဇာတ်ဖြင့် အလွဲ

သုံးစား မလုပ်တော့ပါဘူး သိမ်းပါတော့မယ်။ အရပ်က ပြော တာမယုံတော့ပါဘူး။ နင်ကြီးလာပြီ၊ နင်လူလားမြောက်ပြီး နင်လူနဲ့တူအောင် ဘာမှမရှိသေးဘူး၊ ဆိုတဲ့စကားတွေလည်း မယုံပါနဲ့တော့။ သဘောကျပလား (ကျပါပြီ) နင့်မှာ အချိန် အရွယ်ကလေးရောက်လာပြီ၊ အိမ်ထောင်ရေးရာကလေးရှိ မှပေါ့။ စီးတဲ့ရေ ဆည်တဲ့ကန်သင်းဆိုတာ ရှေးပုံပြင်တွေလည်း ရှိနေတာဘဲ. . . တဲ့။

## ဇာတ်သိမ်းတဲ့လမ်းပြောကြပါစို့

အဲဒါတွေကို ဂရုပြုမနေပါနဲ့တော့၊ ကိုယ်လာခဲ့တဲ့ ဘဝကလေးကဖြင့် အဲဒါတွေအားကျစရာ၊ ရှိသေးရဲ့လား (မရှိပါဘူး) ဘာမှ မလိုတော့ဘူးဆိုတာ သဘောပါကြပလား (ပါပါပြီဘုရား)။

ကိုင်း-ဒါဖြင့် ဇာတ်သိမ်းတဲ့လမ်းကို ပြောကြပါစို့ ဒီဇာတ်ကို သိမ်းတဲ့လမ်းကိုသာလျှင် အရေးတကြီး ပြောကြပါ စို့၊ ဆိုတာဖြင့် ဒကာဒကာမတို့ တစ်ဖွဲ့လုံးပဲ၊ တာဝန်ယူကြ ပေတော့နော်. . , (မှန်ပါ့)။

ဒကာဒကာမတို့ နိဗ္ဗာန်ကို အခုလို ဇာတိဒုက္ခမရှိတာ ကို၊ အခုလို ပဋိသန္ဓေ ဒုက္ခတွေ မရှိတာကို ဇရာဒုက္ခလည်း မရှိတာကို ဗျာတိဒုက္ခလည်းမရှိတာကို မရဏဒုက္ခလည်း

မရှိတာကို စိုးရိမ်ရတဲ့သောက ဒုက္ခငိုကြွေးရတဲ့ ပရိဒေဝဒုက္ခ၊ ဒါတွေ မရှိတဲ့ဆီသာ၊ တပည့်တော်တို့ ကြိုက်ပါတော့တယ် ဘုရား၊ တော်ပါပေါ့၊ တန်ပါပေါ့ ဆိုတာဖြင့် ဆုံးဖြတ်ချက် ချပါ။ (မှန်ပါ့)။

## နိဗ္ဗာန်တစ်ခုသာကြိုက်ပါတော့

ဒါကိုသာ ကြိုက်ပါတော့ ဒီပြင်ဘာမှ မကြိုက်နဲ့တော့ ရှင်းပလား (ရှင်းပါပြီ) နိဗ္ဗာန်တစ်ခုသာ ကြိုက်ပါတော့ဆိုတာကိုဖြင့် သတိပေးပါတယ် (မှန်ပါ့) ဒီပြင်ဟာကြိုက်လို့ရှိရင် အလွဲချည်းပဲ ဒီပြင်ဟာ ကြိုက်လို့ရှိရင် ခုနင်က ဘဝတွေ ချည်း ပြန်ရမယ် (မှန်ပါ့)။

ဒါက လူ့အဖြစ်ကို ပြောတာနော် (မှန်ပါ့) ခွေးကျတော့ တစ်လခွဲ၊ နှစ်လ စသည်လောက်နဲ့ မွေးလိမ့်မယ်၊ ဘာဖြစ်လို့တုံးဆိုတော့၊ တိရစ္ဆာန်ဘုံသားအဖြစ် မြန်လေလေ၊ အသေ မြန်လေလေပဲ၊ (မှန်ပါ့) ဆင်းရဲတာလည်း ရှည်ပေစေ၊ ဒီအထဲချည့် ပြန်ရောက်အောင်ဆိုပြီး၊ ကံကအမျိုးမျိုး လုပ်ပေးလိုက်တယ်။ (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီ)

ကိုင်း-ဒါဖြင့် ဒကာဒကာမတို့ အခုပဋိသန္ဓေခဏ်းကိုပြောရသဖြင့် ဒီနေရာပြန်ချင်၊ လှည့်ချင်တဲ့စိတ်လုံးဝ ဖျောက်လိုက်ပါတော့၊ (မှန်ပါ့) ဘာသစ္စာတွေလည်း (ဒုက္ခသစ္စာတွေပါ)။

ကိုင်း. . . သစ္စာသိသွားပြီ၊ ဉာဏ အဆင့်နဲ့သိသွားပြီ ဩော် ဒုက္ခသစ္စာဆိုတာ၊ အစကတည်းက ဒုက္ခသစ္စာပါကလား. . . ကလလရေကြည်တည်ကတည်းက ဒုက္ခသစ္စာ (မှန်ပါ့) ဘယ်အချိန်ချမ်းသာခဲ့သတုံး. . . (မချမ်းသာခဲ့ပါဘူး) ဒါဖြင့် ဒီလမ်းဒီစခန်းကိုဖြင့် မပြန်တော့ပါဘူးဆိုတာ အခုတရားနာတဲ့အချိန် ဆုံးဖြတ်ချက်ချလိုက်။ ဒီလမ်း ဒီစခန်းကိုဖြင့် မပြန်ချင်တော့ပါဘူး၊ မလိုချင်တော့ပါဘူး တောင်းပြီးသားဆုတွေလည်း အကုန်လျှော်ပစ်လိုက်တာပေါ့ (မှန်ပါ့)။

တောင်းပြီးသားဆုတွေ ဘာလုပ်ရမလဲ၊ (အကုန်လျှော်ပစ်လိုက်ပါ) တော်ပြီတန်ပြီ မသိခင်က မှားထားတာတွေ။ လူ့ဘဝ၊ နတ်ဘဝ၊ လူ့ပြည်၊ နတ်ပြည်၊ အကြိမ်ကြိမ်ခံစားဆိုတာတွေ၊ အပြောကောင်းတာနဲ့ ကျုပ်တို့သည် အရလိုက် မိခဲ့တာတွေ အခုဖြင့် ပဋိသန္ဓေဉာဏ်း ဟောလိုက်သဖြင့် အပါယ်လေးပါးနဲ့ တိရစ္ဆာန်လှည့်နေတာ မြင်သဖြင့်လည်း သံသရာဝဋ်ဒုက္ခမှာ ငါးပါးမှောက်တဲ့ ဆုကြီးပါလားဆိုတာ သေချာသွားပြီ (မှန်ပါ့)။

ကိုင်း-ဒါဖြင့် လူမှာရှိသင့်တဲ့ ဉာဏ်ကလေးတော့ပေါ်ကြပါပြီ၊ (မှန်ပါ့) မပေါ်သေးဘူးလား (ပေါ်ပါပြီ) အရင်တုန်းကတော့ လူမှာရှိတဲ့ဉာဏ်လို့ ဆိုလို့မှမရပဲ- (မှန်ပါ့) သူများပါးစပ် လမ်းဆုံးနေတာသာရှိတာပဲ၊ (မှန်ပါ့)။

## ဒီလမ်းနဲ့ဒီစခန်းမပြန်ချင်ရင်

ကိုင်းဒါဖြင့် ဒကာဒကာမတို့ ဒီလမ်းနဲ့ ဒီစခန်း၊ မပြန်ချင်လို့ရှိရင် နှစ်မျိုးပဲလုပ်ပါတော့ (မှန်ပါ့) နှစ်မျိုးပဲလုပ်ရင် ဒီဝဋ်ကျွတ်သွားလိမ့်မယ်၊ ဒကာဒကာမတို့ ဘယ်နှစ်မျိုး လုပ်ရမလဲ၊ (နှစ်မျိုးလုပ်ရပါမယ်) နှစ်မျိုးပဲလုပ်ရင် **ဒီဝဋ်ကျွတ်**ပါ့မယ်ဆိုတာ၊ ဘုန်းကြီးများက ဘုရားဟောတော်မူ**ချက်**အရ ရဲဝံ့စွာပဲ၊ တာဝန်ခံပါတယ်၊ ရှင်းပလား (ရှင်းပါပြီ)။

ကိုင်းဒါဖြင့် မနေ့က ပြောထားတယ်၊ မောင်နိုင်**တို့လည်း** မှတ်မိတန်သလောက်၊ မှတ်မိမယ်နော် (မှန်ပါ့) ဒကာဒကာမတို့ သေသေချာချာမှတ်ထားပါ၊ သစ္စာတရားကို နာရမယ်၊ သဘောကျပလား (ကျပါပြီ) ၁-နံပါတ်က ဘာပါလိမ့်. . . (သစ္စာတရားနာရပါမယ်) ၂-နံပါတ်က သစ္စာတရားလည်း နှလုံးသွင်းမှန်ရမယ်၊ (မှန်ပါ့) ဒါဆိုလို့ရှိရင်၊ ဒီဘဝတွင်ပင်၊ ကိစ္စပြီးနိုင်ပါတယ်၊ (မှန်ပါ့)။

ဘုရားဆုလည်း မပန်ပါဘူး၊ ရှင်သာရိပုတ္တရာတို့လို၊ လက်ဝဲရံလက်ယာရံ ဆုလည်းမပန်ပါဘူး၊ အသီတိ မဟာသာဝက ဆုကြီးများကိုလည်း မပန်ပါဘူးဆိုလို့ရှိရင်ဖြင့် သစ္စာတရား ကိုသာနာပါ။ ချက်ချင်းပြီးနိုင်ပါတယ် (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

၁။ နံပါတ်ကဘာတုံး (သစ္စာတရားနာရပါမယ်) အဲဒါ

မှတ်ထားကြပါ ဒကာဒကာမတို့ ပေဋကောပဒေသ ပါဠိတော်မှာလာတာကို ပြောနေပါတယ် (မှန်ပါ့) သစ္စာတရားကို အာရုံတစ်ပါးမသွားဘဲနဲ့နာပါ (မှန်ပါ့) အခုမဟောသေးပါဘူး၊ ဒကာဒကာမတို့ သူ့ခေါင်းစဉ်ပြောတုံးရှိသေးတယ်၊ (မှန်ပါ့) သစ္စာတရားနာတဲ့ အချိန်ကျလို့ရှိရင် အာရုံတပါးမသွားစေနဲ့နော်၊ ဘေးကိုဘယ်မှမသွားစေနဲ့ (မှန်ပါ့)။

## သစ္စာတရားနာရမယ်

ကိုင်းဒါဖြင့် အာရုံတပါးတခြားကို စိတ်မသွားစေဟူ၍ ဘာလုပ်ရမလဲ၊ (သစ္စာတရားနာရပါတယ်) အဲ. . . သစ္စာတရားကိုတော့ ဟောတဲ့ပုဂ္ဂိုလ်ထံမှ နာရမယ်။ (မှန်ပါ့) ထိုသို့နာတဲ့အခါ မိမိစိတ်က တခြားမသွားဘဲနဲ့သာ နာလိုက်စမ်းပါ၊ (မှန်ပါ့)။

ဒါကသစ္စာတရား. . . ဒါက ဘုန်းကြီးတို့ ဒကာဒကာမတွေ ထားပါတော့။ ဒါကခန္ဓာ၏ ဒုက္ခသစ္စာကို ဘုန်းကြီးကဟောမလို့ ခင်ဗျားတို့ ခန္ဓာကို လက်ညှိုးထိုးပြီး ဟောပါလိမ့်မယ်၊ (မှန်ပါ့) ဟောတော့ ခင်ဗျားတို့ ဒီဉာဏ်ကလေးနဲ့ အခုမရစဖူး၊ အရထူးတဲ့ လူ့ဘဝမှာ ရထားတဲ့ ဉာဏ်နားကလေးနဲ့ ထောင်ပေးပါ၊ ဒီထဲက စိတ်ကို ဘယ်မှ မသွားစေနဲ့ ဒီသစ္စာမှတစ်ပါးဘယ်မှ မသွားအောင်သာ

နာစမ်းပါဆိုတာ ပါတယ်နော် (မှန်ပါ့)။

ဒီလိုနာခဲ့လို့ရှိရင် မင်းတို့ဝမ်းထဲမှာပါလာတဲ့၊ ဘဝသံသရာက ကိန်းနေတဲ့ လောဘ၊ ဒေါသ၊ မောဟ ကိလေသာတွေဟာ အကုန်ခြောက်ကုန်ပါတယ်၊ သစ္စာတရားများနာရလို့ရှိရင် (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီ)။

သစ္စာတရားနာရပေစေ၊ ဝမ်းထဲမှာ ကိန်းနေတဲ့ ကိလေသာဘာဖြစ်သလဲ (ခြောက်ပါတယ်ဘုရား) နာတာနဲ့ ခြောက်တယ်၊ ဒီပြင်တရားနဲ့ မတူဘူး၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ) သစ္စာတရားသာ နာရလို့ရှိရင်၊ နာတာနဲ့ ဝမ်းထဲမှာရှိတဲ့ ကိလေသာဘာဖြစ်သလဲ (ခြောက်ပါတယ်) ကိလေသာအစေးတွေခြောက်တယ် (မှန်ပါ့)။

ဒါကြောင့် ဒကာဒကာမတို့ သာဝကပါရမီ ဉာဏ်မှာဖြင့် မနေ့က မနာလိုက်ရတဲ့ ပုဂ္ဂိုလ်တွေ ဂရုစိုက်နာကြပါ၊ သာဝကပါရမီဉာဏ်မှာဖြင့်၊ သစ္စာတရားကို အာရုံတစ်ပါး မထွက်ပဲနဲ့၊ နာနေမှုဟာ၊ ၁-နံပါတ် အရေးကြီးတယ်တဲ့၊ (မှန်ပါ့) သဘောကျပလား (ကျပါပြီ) မနာရရင်တော့ မရဘူး (မှန်ပါ့)။

မနာရရင်ဘာတုံး - (မရနိုင်ပါဘူး) မနာရရင်တော့၊ ကိုယ်တိုင်ထိုးထွင်းပြီး ခင်ဗျားတို့မသိနိုင်ဘူး (မှန်ပါ့) ဓမ္မတာအားဖြင့် မနာရပဲ၊ ထိုးထွင်းသိတာက နှစ်ဦးပဲရှိတယ်၊ ပစ္စေ

ကဗုဒ္ဓါနဲ့ ဘုရားပဲသစ္စာကို ကိုယ်တိုင် ထိုးထွင်းသိတယ် (မှန်ပါ့) ဒီပြင်ပုဂ္ဂိုလ်တွေကတော့၊ သစ္စာတရားကိုနာရမှ ကိစ္စပြီးမယ်လို့ဆုံးဖြတ်ချက်ချပါ၊ (မှန်ပါ့)။

ကဲ. . . ဒကာဒကာမတို့ ခင်ဗျားတို့ မည်မျှလောက် အရေးပါတာကို ပြောနေတယ်ဆိုတာဖြင့် ဝေဖန်ကြည့်ပါတော့ (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီ)။

ဒါဖြင့် သာဝကပါရမီဉာဏ်မှာ နှစ်ခုတည်းနဲ့ ကိစ္စပြီးမှာဖြစ်နေတော့၊ သေသေချာချာ ဟောနေတယ်။ ဘုရားဟောတော်မူတဲ့အတိုင်း ထို့အပြင် ပေဋကောပဒေသမှာလာတဲ့အတိုင်း ဒကာဒကာမတို့ အာရုံတစ်ပါး စိတ်မသွားပါနဲ့လို့ သတိပေးပါတယ်၊ ဘုန်းကြီးဟောတဲ့ဆီပဲ ဂရုစိုက်ကြပါ၊ (မှန်ပါ့) ချက်ချင်းကိစ္စပြီးနိုင်တဲ့ တရားကို ဟောနေတယ်လို့ မှတ်ကြစမ်းပါ (မှန်ပါ့)။

## သုတမယဉာဏ်

ကောင်းပြီ ဒါဖြင့် သစ္စာတရားနာတဲ့အချိန်မှာ အာရုံက တခြားမသွားနဲ့ ဘုန်းကြီးပြောတာကို နားထောင်ပါ။ နားထောင်လို့ရှိရင် နားထောင်တဲ့အချိန်က စပြီးတော့ သုတမယဉာဏ်ရပြီ (မှန်ပါ့) သဘောကျရဲ့လား (ကျပါတယ်)

နားထောင်တဲ့အချိန်ကစပြီးတော့ ဘာဖြစ်သတုံး (**သုတ**မယဉာဏ်ရပါပြီဘုရား) သုတမယဉာဏ်ဝမ်းထဲရောက်သွားပြီ။ ဒီဉာဏ်ကြောင့် နဂိုကကိန်းနေတဲ့ ကိလေသာ**အစေး**တွေ ခြောက်ရတာ၊ (မှန်ပ့ါ) ရိပ်မိပလား - (ရိပ်မိပါပြီဘုရား)။

သုတမယဉာဏ်ရတော့ ကိလေသာအစေးတွေ ဘယ်နှယ့်နေသလဲ (ခြောက်ပါတယ်) ခြောက်လို့ရှိရင်၊ မောင်နိုင် ဒါတွေဘာပူစရာရှိတော့မှာလဲ (မှန်ပ့ါ) ကိလေသာ**အစေး** ခြောက်လို့ရှိရင်ဖြင့် ကျုပ်တို့မှာဖြင့် တစ်ဝက်ပြီးနေပြီ (**မှန်ပ့ါ**) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် သစ္စာတရားမှ မနာရတဲ့ ပုဂ္ဂိုလ်များအတွက်မှာဖြင့် ကိုယ်ကျိုးနည်းပေ့ါ။ (မှန်ပ့ါ) မနည်းသေးဘူးလား (နည်းပါပြီ) အင်မတန် ကိုယ်ကျိုးနည်းပြီဆိုတာ ဒကာဒကာမတွေ ဒီနေ့ကြီးကြီးကျယ်ကျယ်ဝေဖန်ပါ (မှန်ပ့ါ)။

အခုသစ္စာတရားနာရပြီ အာရုံတစ်ပါးမသွားပဲနဲ့ နာရရင်ပဲ ဝမ်းထဲက ကိလေသာ ဘယ်နှယ့်တုန်း၊ (ခြောက်ပါတယ်) ဘယ်လောက်အဖိုးတန်တယ်ဆိုတာ ဒကာ ဒကာမတွေ ပေါ်လာကြပလား (ပေါ်လာပါပြီ)။

ဒါဖြင့် ဒကာဒကာမတို့ ဒီအတိုင်းပဲ ကြိုးစားပြီး သကာလ သစ္စာတရားကို မဟောခင်ပဲ သစ္စာတရားနာတဲ့ အချိန်မှာဖြင့် အာရုံတစ်ပါးမသွားပါနဲ့၊ အခုဟာက နည်းပဲ

ပြောနေသေးတယ်၊ သစ္စာမဟောသေးပါဘူးရှင်းပြီနော်(ရှင်းပါပြီဘုရား)။

နာတာနဲ့ ဘာဖြစ်သလဲ (ခြောက်ပါတယ်ဘုရား)၊ ကိလေသာအစေးတွေ ခြောက်တယ်(မှန်ပါ့) ကိုင်း - ကိလေသာဆုံးတယ်ဆိုရင် နိဗ္ဗာန်ပဲမဟုတ်လား (မှန်ပါ့) ကိလေသာ စိုစိုရွှဲရွှဲရှိသေးရဲ့လား (မရှိပါဘူးဘုရား) မရှိတော့ဘူး၊ ခြောက်သွားရင်ပဲ ဒကာ ဒကာမတို့ နောက်တစ်ခါ ပျောက်ဖို့ပဲရှိတော့တယ် (မှန်ပါ့) ခြောက်ပြီးပျောက်မယ်။

## သစ္စာတရားနာရင် အစေးခြောက်ပါတယ်

ဘုရားဟာ၊ ခန္ဓာကိုယ်တော်ကြီးရှိသော်ပဲ၊ ကိလေသာခြောက်ပြီး ပျောက်သွားလို့၊ ဘုရားဖြစ်ရတယ် (မှန်ပါ့) သောတာပန်၊ သကဒါဂါမ် အနာဂါမ်တွေ ရဟန္တာတွေဖြစ်သွားကြတာ၊ သတိပဋ္ဌာန် စသည်ဟောလို့ ကျွတ်သွားတာတွေဟာ၊ သစ္စာတရားတွေ နာရလို့နော် (မှန်ပါ့) သစ္စာတရားတွေ နာရတာနဲ့ ခြောက်ပြီး ပျောက်သွားတာပဲ (မှန်ပါ့ဘုရား)။

ဒါကြောင့် တရားပွဲအဆုံးမှာ ဘယ်၍ ဘယ်မျှ ကျွတ်တယ်ဆိုတာတွေဟာ တရားနာတုန်းက အာရုံတစ်ပါးမသွားဘဲနဲ့၊ သုတမယဉာဏ် ဝမ်းထဲရောက်လို့ ကိလေသာ အစေး

ခြောက်လို့ ရကြတာ (မှန်ပ့ါ) နို့မဟုတ်ရင် ရကိုမရဘူး (မှန်ပ့ါ) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ နာကောင်းရုံ ကုသိုလ်ရရုံ မနာပါနဲ့ တစ်ခါတည်း ကိုယ့်ဉာဏ်ကိုရအောင် နာပစ်လိုက်စမ်းပါ (မှန်ပ့ါ) သဘောကျပလား (ကျပါပြီ) ကိုယ့်ဉာဏ်ကို ပိုင်ပိုင်နိုင်နိုင်ရအောင် နာပစ်လိုက်ပါဆိုတာ သတိပေးပါတယ် (မှန်ပ့ါ)။

## ဟုတ်သားပဲလို့ဆုံးဖြတ်

အဲ. . . ၁-နံပါတ်ကဖြင့် သစ္စာတရားကို အာရုံတစ်ပါး မသွားပဲနဲ့ နာလို့ရှိရင် ကိစ္စပြီးပါတယ် (မှန်ပ့ါ) ၂-နံပါတ် ကလေးပြောလိုက်မယ် ၁-နဲ့ ၂-ဆိုရင် ကိစ္စပြီးတယ်။ ယနေ့ တရားမှာ ၂-နံပါတ်ကတော့ ခုနင်က အာရုံတစ်ပါး မသွားပဲနဲ့ နာထားတဲ့တရား နာထားတဲ့သစ္စာကို ဒီကနေပြီး သကာလ၊ ကိုယ့်စိတ်နဲ့ ကိုယ့်ဟာနဲ့ကြံလိုက်ပါတဲ့ (မှန်ပ့ါ) ကြံလိုက်တဲ့အခါကျတော့ ဟုတ်သားပဲဆိုတဲ့ တစ်လုံး ဆုံးဖြတ်ချက်ချပါ (မှန်ပ့ါ)။

## ဒုက္ခသစ္စာအစစ်လို့ဆုံးဖြတ်

ခုနင်က နာထားတဲ့တရားကို ဒါကလေးဟာ ဒုက္ခ

သစ္စာ ဝေဒနာဟာ ဒုက္ခသစ္စာ ဖြစ်ပျက်ကလေးဟာ ဒုက္ခသစ္စာတဲ့၊ အဲဒါကလေးကို ကိုယ့်ဉာဏ်နဲ့ ကိုယ့်ခန္ဓာ ကြည့်တဲ့ ပြီးသကာလ ဩော် . . . ဒုက္ခသစ္စာအစစ်ပါကလားလို့ ဆုံးဖြတ်ချက်ချနိုင်ရင် ချက်ချင်းသောတာပန်တည်တာပဲ နှစ်ချက်တည်းရှိတယ် (မှန်ပါ့) ဒကာ ဒကာမတို့ သဘောပါပလား (ပါ-ပါပြီဘုရား)။

## ကိစ္စပြီးနိုင်တယ်

သစ္စာတရားကို အာရုံတစ်ပါးမသွားပဲနာမှု၊ ၁နံပါတ်နောက်ကိုယ်တိုင် နှလုံးသွင်းလိုက်တဲ့အခါကျတော့ ဟုတ်သားပဲလို့ ဆုံးဖြတ်ချက်ချတာ ၂-နံပါတ် (မှန်ပါ့)။ ကိစ္စပြီးနိုင်ပါတယ် ဒကာ ဒကာမတို့ ဘယ်လောက်လွယ်သလဲ။ (လွယ်ပါတယ်ဘုရား)။

အင်မတန် လွယ်တယ်ဆိုတာ ကံကောင်းအကြောင်းသင့်ပြီး သကာလ ဒကာ ဒကာမတွေနဲ့ ဆရာသမားနဲ့ လာပြီးတွေ့တော့ ဩော် . . . ဒါဟာ တို့သည်ကားလို့ဆိုရင်ဖြင့်နည်းတဲ့ပါရမီမဟုတ်ပါလား. . . ။ နည်းတဲ့ကံမဟုတ်ပါလားတကယ်ကိုပဲ လိုရင်းကိစ္စပြီးမည့် ဒုက္ခသိမ်းနိုင်တဲ့ဘဝကိုရနေတာပါလားဆိုပြီး ကိုယ့်ဟာကိုယ်လည်း ဝမ်းသာကြပါ (မှန်ပါ့) အင်မတန် ဝမ်းသာစရာကောင်းတယ်ဆိုတာလည်း

ပေါ်ကြပလား(ပေါ်ပါပြီ)။

ကောင်းပြီ ဒါဖြင့် ၁ နံပါတ်က သစ္စာတရားကို အာရုံ တစ်ပါးမသွားဘဲနဲ့ နာမှု (မှန်ပ့ါ) ၂-နံပါတ်က ဟောထားတဲ့ တရားကို ကိုယ်တိုင်နှလုံးသွင်းလိုက်ပါ (မှန်ပ့ါ)။ ပြီးနိုင်ပါလိမ့် မယ် (မှန်ပ့ါ) သဘောကျပလား (ကျပါပြီ)။

## သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ

ဒါဖြင့် ဒကာ ဒကာမတို့ ဆုကြီးပန်မဟုတ်ဘဲနဲ့ သောတာပန်၊သကဒါဂါမ်၊အနာဂါမ်၊ ရဟန္တာဖြစ်ရင်ပြီးရောဟ ဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ သစ္စာတရားကို အာရုံတစ်ပါး မသွားဘဲနဲ့ နာပါ ကိုယ်တိုင် ကိုယ့်အဇ္ဈတ္တထဲမှာရှိတဲ့သစ္စာကို နှလုံးသွင်းလိုက်ပါ။ ပိုင်ပိုင်နိုင်နိုင်နဲ့ ဟုတ်သားပဲလို့ ဆုံးဖြတ် ချက်ချနိုင်ရင် ပြီးတာပဲ (မှန်ပ့ါ)။ ပေါ်ကြပလား (ပေါ်ပါပြီ ဘုရား)။

အင်မတန် အဖိုးတန်တဲ့တရားနဲ့ အင်မတန်အဖိုးတန် တဲ့ နားဖြင့် ကောင်းကောင်းကြီး ပက်ပင်းတွေ့ကြပြီးဆိုတဲ့ ဥစ္စာကို သေသေချာချာမှတ်ပါ (မှန်ပ့ါ) ကိုပေါ်တို့ အရေးကြီး တာ ပေါ်လာကြပလား (ပေါ်လာပါပြီဘုရား)၊ နည်းတဲ့ ကံ လား၊ ခင်ဗျားတို့ (မနည်းပါဘူးဘုရား)။

## သူဌေးသမီးကာဠီ

ကိုင်း-ဒါဖြင့် ဒကာဒကာမတို့ ဘယ်သူ့ကို ဝတ္ထုသက်သေသာဓက ထုတ်ရမလဲလို့မေးတော့ ဒကာဒကာမတို့သိတဲ့အတိုင်း . . . ကာဠီဆိုတဲ့ အမျိုးသမီးကို အကဲခတ်ကြည့်လိုက် သူ့ကိုပြောပြီးမှ သစ္စာကို နှလုံးသွင်းပုံကိုပြောပါ့မယ်။

ကာဠီ . . . ဆိုတာ ရာဇဂြိုဟ်ပြည်မှာ ရှိပါတယ် သူသည်ကားလို့ဆိုလို့ရှိရင် အချိန်အရွယ်ရောက်လို့ **ခင်ပွန်း** နောက်ကို လိုက်ရရှာတယ်၊ အိမ်ထောင်ကျလို့ **ပဋိသန္ဓေ** အရင့်အမာဖြစ်လာတော့ စိတ်ကူးလိုက်တယ် **သြော်. . .** သားလင်ခင်ပွန်းဆီမှာ မွေးဖွားရလို့ရှိရင် အမေမိဘလိုကြင်နာစိတ်က မရှိဘူး အားငယ်လို့ရှိရင် ခက်တယ်၊ အမေမိဘရပ်ထံ ပြန်ပြီး မွေးဖွားရတာ ကောင်းတယ်ဆိုပြီး ပြန်လာတယ်၊ သူ့အမေ မိဘကလည်း သူဌေးဆိုတော့ ဘုံခုနစ်ဆင့်ရှိတဲ့ ပြာသာဒ်ကြီးပေါ်မှာ နေပါတယ် (မှန်ပါ့)။

အဲဒီအချိန်မှာ ဓမ္မစကြာ ဒေသနာတော် သစ္စာတရားကို မိဂဒါဝုန်တောမှာ ဘုရားဟောတော်မူပါတယ်။

## သာတာဂိရိနတ်၊ ဟေမဝတနတ်

အဲဒီမှာ တရားနာပြီးပြန်လာတဲ့ သာတာဂိရိနတ်က

ငါ့သူချင်းဘုရား၊ တရားဟောနေတာ မသိဘူးထင်တယ်ဆိုပြီး သွားအခေါ်သူငယ်ချင်းဖြစ်တဲ့ ဟေမဝတနတ်ကလည်း မြတ်စွာဘုရား တရားဟောနေတယ် ကြားတာနဲ့လာတော့ ဘုံခုနစ်ဆင့်ရှိ ပြာသဒ်ထက်မှာ နတ်နှစ်ဦးစကားပြောတာကို ကာဠီက ကြားတယ်၊ သဘောကျပလား (ကျပါပြီဘုရား)။

ကာဠီက မမွေးဖွားသေးပါဘူး၊ မမွေးဖွားသေးခင် ကြားတယ် ဘုရား၏ပုံပန်းကို အရင်ပြောကြတယ်။ ပြီးတော့ ဘာတရားဟောသတုံးလို့ မေးတယ်၊ သစ္စာတရားဟောတယ် ဖြေတယ်။

ဘယ်သစ္စာတုံးမေးတော့မှ ရုပ်နာမ်တွေ အမျိုးမျိုးပေါ့ လေ၊ ပြောပြတယ် နတ်တွေဆိုတော့ ဉာဏ်ကထက်ပြီးသား ဖြစ်တော့ (မှန်ပါ့) အဲဒီမှာ ကာဠီက အဲဒီတရားကို နာလိုက် ရတယ် (မှန်ပါ့) သဘောကျပါလား . . . (မှန်ပါ့)။

မိဂဒါဝုန်တောမှာ မြတ်စွာဘုရားဟောတဲ့တရားကို သူ့ရဲ့ ပြာသဒ်ထက်မှာ နတ်နှစ်ဦး ဆွေးနွေးနေကြတယ်၊ တိုင် ပင်နေကြတာ ဟောနေကြတာကို ကာဠီကြားတယ် (မှန်ပါ့)။

အဲဒီလိုကြားတော့ ဩော်. . . ဟုတ်ပါလားဆိုပြီး စဉ်းစားတော့ အဲဒီအချိန်မှာ သူ့မှာ ကိလေသာခေါင်းပါးပြီး ဒကာ ဒကာမတွေ ရှေ့လျှောက်နာရတာ (မှန်ပါ့) ဘာတရား ပါလိမ့် (သစ္စာတရားပါဘုရား)။

## သစ္စာတရားနာမှု နှလုံးသွင်းမှု

ကာဠီမှာ ကိလေသာအစေးခြောက်နေပြီး နောက်တော့ ခန္ဓာကိုယ်နှလုံးသွင်းလိုက်ပါတယ် သူ့အဖွဲ့တွေကို စိန္တာမယဉာဏ်နဲ့ကြံပြီး နှလုံးသွင်းလိုက်ပါတယ်၊ အဲဒီမှာ ဘုံခုနစ်ဆင့်ပေါ်မှာ သောတာပန်သွားတည်တယ် (မှန်ပ့ါ) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

သစ္စာတရားနာမှုနဲ့ သူကိုယ်တိုင် နှလုံးသွင်းမှုနဲ့ ဒကာဒကာမတို့ သောတာပန်တည်သွားတယ် (မှန်ပ့ါ)။

## သောတာပန်တည်

ကာဠီဟာ အမျိုးသမီးထဲမှာဖြင့် သူတစ်ပါးထံမှ **သစ္စာ**တရားနာရလို့ တစ်ဆင့်ကြားပြီးနာရလို့ သောတာပန်တည်တဲ့အတွက် သူဟာ လက်ဦးပဲ သဘောကျပလား (ကျပါပြီ)။

အဲဒီတော့ ဒကာ ဒကာမတို့ကိုလည်း ဒီတရားကိုပဲ ဟောပါတယ်။ သစ္စာတရားကိုပဲ ဟောနေတော့ ခင်ဗျားတို့ကလည်း အဓ္ဓေဝသုဝေဝ။ ဆရာဘုန်းကြီးကလည်း အဓ္ဓေဝ၊ သုဝေဝဆိုတော့ ဒါကိုဟောရတော့မယ် (မှန်ပ့ါ)။ မောင်နိုင်မဟောရင်မဖြစ်ဘူး (မှန်ပ့ါ)။

မဖြစ်ဘူးဆိုတာ ခန္ဓာကိုယ်က စဉ်းစားကြည့်ပါ။

လေအပြင်ဘက်ထုတ်တဲ့ စိတ်ကလေးတော့ ဖြစ်သေးတယ်။ လေရှိုက်တဲ့ စိတ်မလာဘူးဆိုရင် ဒီလူဘယ့်နှယ်ဆိုကြမလဲ (သေပါတယ်ဘုရား)။ သေတယ် အဲဒီတော့ ကျုပ်တို့မှာ တစ်စိတ်နဲ့ အသက်ရှင်နေတာ (မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမလဲ (တစ်စိတ်နဲ့ အသက်ရှင်နေပါတယ်ဘုရား) တစ်စိတ်နဲ့ အသက်ရှင်တာကို ကျုပ်တို့က ဘယ်နေ့ ဘယ်လ ဘာလုပ်ဦးမယ်ဆိုတာက ဒါကို မသိလို့ ပြောတာပါ၊ သစ္စာမသိလို့ပြောတာပါ၊ သဘောကျပလား (ကျပါပြီ)။

ကိုင်း-ဒါဖြင့် ဒကာ ဒကာမတို့ ကာဠီမှာ ဘုံခုနစ်ဆင့် ကနေပြီး ဘုရားနဲ့တွေ့သလားလို့မေးတော့ ဘယ်နှယ်ဖြေကြမလဲ (မတွေ့ပါဘူးဘုရား) ကိုယ်ဝန်ကြီးနဲ့ ဘယ်သွားနိုင်လိမ့်မတုန်း (မှန်ပါ့)။

ဘယ်သူက ဟောတာတုံးဆိုတော့ . . . နတ်နှစ်ဦး သူတို့ချင်းပြောနေကြတဲ့သစ္စာတရားကို သူကြားပါတယ်၊ ဘုရားဂုဏ်တော်တွေနဲ့တကွ သစ္စာတရားအကြောင်းကို သာတာဂိရိနဲ့ ဟေမဝတတို့ပြောနေကြတာ သူကြားပါတယ် (မှန်ပါ့)။ အဲဒါ သူတစ်ပါးဟောကြားတဲ့ သစ္စာတရားပဲ မနာရဘူးလား (နာရပါတယ်)။ နာရတော့ ကိလေသာ အစေးခြောက်ပါတယ်၊ သဘောကျပလား (ကျပါပြီ)။

## ကိုယ်တိုင်နှလုံးသွင်းမှ အစေးပျောက်မယ်

နာ့တော့ ဘာတုံး . . . (ကိလေသာ အစေးခြောက် ပါတယ်ဘုရား) ကိလေသာအစေးခြောက်သွားပြီ ကိုယ်တိုင် နှလုံးသွင်းတော့ဆိုင်ရာကိလေသာ လုံးလုံးပျောက်သွားတယ် (မှန်ပါ့)။

ဒီဒကာဒကာမတွေလည်း ဘုန်းကြီးက ဒီနေရာမှာ အစေးခြောက်အောင်တော့ဖြင့် တာဝန်ယူနိုင်တယ်။ ကိုယ်တိုင် နှလုံးသွင်းဖို့ဆိုတော့ ဘုန်းကြီးမှာလည်း ဘုန်းကြီးကိုယ်တိုင် နှလုံးသွင်းမှနော်. . . (မှန်ပါ့)။ ခင်ဗျားတို့မှာကော (ကိုယ်တိုင် နှလုံးသွင်းရမှာပေါ့ဘုရား)။ ခင်ဗျားတို့ကိုယ်တိုင် နှလုံးသွင်း မှသာလျှင် ကိလေသာအစေးပျောက်မယ် (မှန်ပါ့)။

အခု ဘုန်းကြီးဟောတာက ကိလေသာအစေး ခြောက်ရုံပဲဟောနိုင်တယ် (မှန်ပါ့) ပျောက်ဖို့ရာက ခင်ဗျားတို့ တာဝန် (မှန်ပါ့ဘုရား)။ ခြောက်ဖို့ရာ ဘုန်းကြီးတာဝန် (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ကိလေသာအစေးခြောက်အောင်က . . . (ဆရာ့ တာဝန်ပါဘုရား) အစေးခြောက်အောင်တော့ ဟောပေးမယ်၊ အစေးခြောက်သည်မခြောက်သည်ကို ခုနင်ကဟာ အကဲခတ် ကြည့်။

ကလက ရေကြည်ကစပြီး ဒကာ ဒကာမတွေ ဒုက္ခအကြောင်းကို ဟောမလာဘူးလား . . . (ဟောလာပါတယ်ဘုရား)။ ဟောလာတော့ လူ့ဘဝလိုချင်တဲ့ ကိလေသာ တဏှာအစေးဟာ ရှိသေးရဲ့လား (မရှိပါဘူး) သစ္စာနာရလို့ အစေးက ခြောက်သွားပါပြီ (မှန်ပါ့)။ မခြောက်ဘူးလား (ခြောက်ပါတယ်) သစ္စာနာရလို့ အစေးက ဘာဖြစ်ပါလိမ့် (ခြောက်ပါတယ်)။

## ခြောက်ဖို့ကဆရာ့တာဝန်

ဒါဖြင့် ကိုယ်ပေါ်နှလုံးသွင်းလိုက်ရလို့ရှိရင် အစေးခြောက်ရုံမကဘူး အစေးပျောက်ပါတယ် (မှန်ပါ့) ကိလေသာအစေးတွေ ဘယ်နှယ်နေသလဲ (ပျောက်သွားပါတယ်ဘုရား)။

ဒါဖြင့် ဒိဋ္ဌိဝိစိကိစ္ဆာကိလေသာ မရှိရင် သောတာပန်သဘောကျပလား (ကျပါပြီ) ဒါကြောင့် ဒကာ ဒကာမတို့ခြောက်ဖို့ဆရာ့တာဝန် ပျောက်ဖို့ကိုယ့်တာဝန် (မှန်ပါ့)။

ဒီတော့ သူ့တာဝန် ကိုယ့်တာဝန်မှာလည်း ဘုန်းကြီးတာဝန်က နှစ်ပေါင်းများစွာ ဆည်းပူးပြီးသကာလ လာခဲ့ရပါတယ်။ ခင်ဗျားတို့ ဒီအခြေအနေ နားလည်အောင်ပြောဖို့ရာ (မှန်ပါ့) လွယ်ပါ့မလား (မလွယ်ပါဘူးဘုရား)။

## ပျောက်ဖို့ကကိုယ့်တာဝန်

ဘုန်းကြီးတာဝန်က မလွယ်တာကြီးကို တစ်ခါတည်း လျှော့နိုင်သလောက် လျှော့တဲ့ ဈေးနဲ့အကုန်ပေးတာပဲ. . . ခင်ဗျားတို့က ရတဲ့ပစ္စည်းကို ပြန်ပြီးခန္ဓာနဲ့ဉာဏ်နဲ့သာ နှီးနှော ကြည့်လိုက်ပါ (မှန်ပါ့)။

ဆရာဘုန်းကြီးက ရုပ်ကို ဒုက္ခသစ္စာဟောတယ်၊ ဝေဒနာကို ဒုက္ခသစ္စာဟောတယ်၊ သညာ ဒုက္ခသစ္စာဟောတယ်၊ သင်္ခါရဒုက္ခသစ္စာဟောတယ်၊ စိတ်ကို ဒုက္ခသစ္စာဟောတယ်၊ ခင်ဗျားတို့က ဟုတ်မဟုတ်၊ စိန္တာမယဉာဏ်နဲ့ ကြံလိုက်စမ်းပါ (မှန်ပါ့) ကြံပြီးဟုတ်တယ်လို့ ပိုင်ပိုင်နိုင်နိုင်သိအောင် ပွားပါ၊ ရှုပါ (မှန်ပါ့)။

အဲဒီလိုကြံရင် ပွားရင် လူတို့၏ ကုသလ ကမ္မပထ တရားဆယ်ပါးထက် ကျော်လွန်တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို သေသေချာချာရတယ်လို့ဟောတယ် (မှန်ပါ့) အားငယ်စရာ ရှိရဲ့လား (မရှိပါဘူး)။

ကိုင်း-ဒါဖြင့် ဒကာ ဒကာမတို့ သန္တာန်၌ ဘာကလေး ပေါ်လာလာ၊ စိတ်ရှုတဲ့ပုဂ္ဂိုလ်ဟာ စိတ်ကလေးပေါ်လာလို့ စိတ်ဖြစ်ပြီး ပျက်သွားတာဟာ ဒုက္ခသစ္စာပဲ၊ ဝေဒနာကလေး ကြည့်လိုက်ရင်လည်း ဝေဒနာဖြစ်ပြီး ပျက်တာဟာ (ဒုက္ခသစ္စာပါ) ရုပ်ကလေးဟာလည်း၊ တောင့်ရာကနေပြီး

သကာလ လှုပ်လိုက်တယ်၊ လှုပ်လိုက်လို့ရှိရင်ဖြင့် ထောက်ကန်တဲ့သဘောကလေး ပျက်ပြီးသကာလ လှုပ်ရှားတဲ့ သဘောကလေးပေါ်နေတယ် ဆိုကတည်းက ပျောက်သွားတာ ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့သန္တာန်မှာ အကြည့်သာတည့်ကြပါစေ၊ ဒုက္ခသစ္စာနဲ့လွဲပြီး ကြည့်စရာတစ်လုံးမှ မရှိဘူး သဘောကျပလား (ကျပါပြီဘုရား) အကြည့်တည့်လို့ရှိရင်ဖြင့် ဘာနဲ့ ချည်းတည့်နေမတုံး (ဒုက္ခသစ္စာနဲ့တည့်ပါတယ်)။

ဩော် . . . ဒါဖြင့် ဆရာဘုန်းကြီး ဒုက္ခသစ္စာလို့ ဟောထားတယ် ဟုတ်ကဲ့လား မဟုတ်ဘူးလားလို့ ခင်ဗျားတို့က ကြံပါ၊ ပွားပါ၊ ကြံလို့ အကြံက ဟာဟုတ်သားပဲဆိုပြီး ပိုင်ပိုင်နိုင်နိုင် သိလာရင် ဒါဟာ သာဝကပါရမီပြီးတာပါပဲ သဘောကျပလား (ကျပါပြီ) သိပ်ဝေးတဲ့တရားလား ဒကာ ဒကာမတို့ (မဝေးပါဘူး) မဝေးဘူးဆိုတာ ပေါ်ကြပလား (ပေါ်ပါပြီ)။

## ဆုံးဖြတ်ချက်ချနိုင်ရင်သောတာပန်

အဲဒီတော့ ဘုရားလက်ထက် တရားပွဲအဆုံးမှာ လူပေါင်းဘယ်လောက် ကျွတ်တမ်းဝင်တယ်၊ နတ်ပေါင်း ဘယ်လောက် ကျွတ်တမ်းဝင်တယ်ဆိုတာ တရားနာနည်း

ပါနေတယ်ဆိုတာ ယနေ့ ဆုံးဖြတ်ချက်ချ သစ္စာတရားလည်း နာလို့ စိတ်ကတခြားမပြေးနဲ့ (မှန်ပါ့)။

နောက် . . . ထိုင်နှလုံးသွင်းတဲ့အခါမှာ ဟုတ်သားပဲ ဆုံးဖြတ်ချက်ချနိုင်လောက်အောင်သွင်းလိုက်(မှန်ပါ့) ဒါဆိုရင် သောတာပန် တည်နိုင်တာပဲ၊ သောတာပန် တည်ပြီးရင် သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာကတော့ သူဟာသူ အလုပ်နဲ့ တက်သွားနိုင်ပါတယ် (မှန်ပါ့) ဝန်လေးစရာရှိသေးရဲ့လား (မရှိပါဘူး)။

ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့ သန္တာန်ပေါ်သည့် ဟာ ဘာသစ္စာတုံး၊ (ဒုက္ခသစ္စာပါ) အဲဒါကို ဉာဏ်နဲ့သာ တည့် ပေးလိုက်ပါ (မှန်ပါ့) ဉာဏ်နဲ့ တည့်ပေးလိုက်တဲ့အခါကျတော့ ဟုတ်သားပဲလို့ ဆုံးဖြတ်ချက်ချနိုင်အောင်လုပ်ပါ (မှန်ပါ့) ဆုံးဖြတ်ချက်ချနိုင်အောင်လုပ်ရင်၊ ဒုက္ခသစ္စာလည်း ချုပ်သွား တာပဲ၊ နိရောဓသစ္စာလည်း ပေါ်ပါတယ် (မှန်ပါ့)။

## ဟုတ်သားပဲလို့ ဆုံးဖြတ်နိုင်ရင် နိဗ္ဗာန်ပေါ်တယ်

ဟုတ်သားပဲ ဆုံးဖြတ်ချက်ချနိုင်ရန် ဆိုင်ရာ ဆိုင်ရာ ကိလေသာ အစေးတွေက လုံးလုံးပျောက်သွားတယ် (မှန်ပါ) ဟုတ်သားပဲ ဆုံးဖြတ်ချက်ချတာက မဂ္ဂသစ္စာလာဖြစ်တယ် (မှန်ပါ့) ဒီမဂ္ဂသစ္စာလည်း အစစ်ပေါ်ပါရော ဒကာ ဒကာမတို့

ကိလေသာအစေးက ဘာဖြစ်သတုံး (ခြောက်သွားပါတယ်) ခြောက်တာလား?ပျောက်တာလား? (ပျောက်ပါတယ်ဘုရား)

သောတာပန်ဆိုရင် ဒိဋ္ဌိဝိစိကိစ္ဆာ အစေးက လုံးလုံးကို ပျောက်တယ် အပါယ်သွားစေတတ်တဲ့၊ လောဘ၊ ဒေါသ၊ မာန၊ အကုန်ပျောက်၊ အဲဒီကိလေသာ အစေးတွေ အကုန်ပျောက်တာပဲ (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

"ဟုတ်သားပဲ"လို့ . . . ဆုံးဖြတ်ချက်ချနိုင်သည်နဲ့ တစ်ပြိုင်နက်တည်း နိရောဓသစ္စာ၊ ဖျတ်ခနဲ ပေါ်တာပဲ၊ နိဗ္ဗာန်ပေါ်လာတာပဲ (မှန်ပါ့)။

## ကြိုးစားကြစမ်းပါ

ဒါဖြင့် ဒုက္ခပျောက်၊ နိရောဓပေါ်ပေါက် ကိလေသာအစေးပျောက်။ မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာသွားပြီး တည့်တာပဲ (မှန်ပါ့)။

ဒါကြောင့် ခင်ဗျားတို့သန္တာန်၌ ဖြစ်ပျက်ဟာ ဒုက္ခသစ္စာပဲလို့၊ မှန်မှန်ကန်ကန် ဆုံးဖြတ်ချက်ချပြီး၊ ကြိုးစားစမ်းပါဆိုတာ တိုက်တွန်းပါတယ် ရှင်းပလား (ရှင်းပါပြီ)။

ကဲ ယနေ့ ဒီတွင်တော်ကြဦးစို့

သာဓု . . . သာဓု . . . သာဓု။